မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သထုံမြို့နယ် မရမ်းချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးနိုင်ပြီး ဧက ၁၀၀၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့် မရမ်းကုန်းရေထိန်းတံခါးဖွင့် မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မည်

ရန်ကုန် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော မရမ်းကုန်းရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မရမ်းကုန်း ရေထိန်းတံခါး

မရမ်းကုန်းရေထိန်းတံခါးကို တွေ့ရစဉ်။

(လယ်/ဆည်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၉ ရက်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်

နိုင်ငံတော်က စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စက်ရုံအလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ပြန့်ကျဲနေသည့် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုအခြေခံရှိသည့် နယ်မြေဒေသများတွင် စက်မှုဇုန်များကိုလည်း တည်ထောင်ပေးလျက်ရှိသည်။

စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်ပေးနေပြီဖြစ်သည်။

လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ် စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်း အစိတ်အပိုင်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ပုဂ္ဂလိကကားထုတ်လုပ်မှုများကို နိုင်ငံတော်က အားပေးခွင့်ပြုလျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းစက်မှုဇုန်များအား ကားအစီးရေထောင်နှင့်ချီ၍ ထုတ်လုပ်ခွင့်ပြုထားသည်။ ကုန်တင်ကားကြီး၊ ကားငယ်များနှင့် ဂျစ်ကားများကို ထုတ်လုပ်ခွင့်ပြုပြီး မန္တလေးစက်မှုဇုန်တစ်ခုတည်းမှ အစီးရေ၁၀၀၀ကျော် ထုတ်လုပ်မည် ဖြစ်သည်။

စက်ရုံအလုပ်ရုံများအနေဖြင့် မိမိတို့စက်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ သွင်းကုန်အစားထိုး စက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးတို့ကို အလေးထား ကြိုးပမ်းကြရမည်ဖြစ်သည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်သည်။

စက်မှုဇုန်များသည် အရည်အသွေးကောင်းမွန်သော အဆင့်မြင့် စက်ပစ္စည်းများကို စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်ရှိသည့် ပို့ကုန်ပစ္စည်းများအား ဈေးကောင်းကောင်း၊ မျက်နှာပန်းလှလှဖြင့် စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးအတွက် ကုန်ချောအဆင့်တန်ဖိုးမြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မိသားစုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီကြိုးပမ်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဦးထိပ်ထားလုပ်ကိုင်

ရန်ကုန် မေ ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ၂၆ရက်က ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းခန်းမ၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အားလျော်စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့ကို ဦးထိပ်ထားလုပ်ကိုင်ရေးတို့နှင့် စပ်လျဉ်း၍မှာကြားပြီး (အပေါ်ပုံ) **ဝန်ထမ်းများအား ရင်းနှီးစွာ နှုတ်ဆက်သည်။**

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း(ရုံးချုပ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအားတွေ့ဆုံနှုတ်ဆက်ပြီး ကမ်းနားဟိုတယ်သို့သွားရောက်ကာ အုပ်ချုပ်မှု ဒါရိုက်တာနှင့် ဝန်ထမ်းများ၏တင်ပြချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဆီဒိုးနားဟိုတယ်နှင့် မီကာဆာ ဟိုတယ်များကို သွားရောက် ကြည့်ရှုစစ်ဆေး၍ ဒူးဆစ်အင်းလျားကန်ဟိုတယ်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဟိုတယ်ဝင်းအတွင်းရှိ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ပို့ဆောင်ရေးဌာနသို့သွားရောက်ရာ ဒုတိယ အထွေထွေမန်နေဂျာဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးဌာနမှ ယာဉ်မောင်းများနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ယာဉ်နှင့် ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဝန်ဆောင်မှု ကောင်းမွန်ရေးနှင့် ဝင်ငွေတိုးပွားအောင် ကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်း အင်ကြင်းဆောင်နေခင်ပွန်း ဦးစန်းနွယ်၊ သား ဦးညီညီအောင်တို့အား ရည်စူး၍ ဒေါ်တင်တင် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဒေါ်ချစ်ချစ်-ဦးငွေဆိုင် (ဝါးခယ်မ)တို့အား ရည်စူး၍ အမှတ်(၈) ၉၁ ဖြတ်လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးခင်မောင်ဝင်း၊ ဦးကျော်နီ၊ ဦးထွန်းနိုင်နှင့် သားသမီး၊ မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။

(က-ပ)

မေ ၁၃ ရက်က မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရပ်ကွက် ၁၉ရပ်ကွက်မှ အသင်းဝင်များ မဏိရတနာချောင်း ရေစီးရေလာကောင်းမွန်စေရေး ဗေဒါပင်နှင့် အမှိုက်များ ဆယ်ယူရှင်းလင်းကြစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄း၄၅	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၀၀	၇။	မျိုးချစ်တပ်မတော်
၅း၁၅	၈။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ကျန်းမာသုတ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၃၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေးဆောက်ကြစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	၂၀၀၅ ပန်းချီ၊ပန်းပုကျောင်းဆင်းပွဲ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	မိခင်လောင်းများအတွက် အာဟာရ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	လူငယ်အာဟာရ (ဖိုးကာနှင့်တွေ့ဆုံခြင်း)
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	ရှုချင်စရာမျက်လှည့်ပဒေသာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Art & Technology Talk
၁၀း၅၀	စေ့စေ့စပ်စပ် (ဇော်ဦး၊ ခိုင်နှင်းဝေ)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ခရစ်ကတ် အားကစား မိတ်ဆက်
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စည်းဝေး ပြပွဲဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်မှာကြား တင်ပြရောင်းချလိုသည့် ရတနာကုန်သည်များ ဇွန် ၃ ရက်နောက်ဆုံးထားအပ်နှံနိုင်

ရန်ကုန် မေ ၂၈

၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြပွဲခန်းမ၌ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအစည်းအဝေးသို့ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ပြန်လည်ဆွေးနွေး

ရှေးဦးစွာ ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို ဇွန်၂၀ရက်မှ ဇူလိုင်၄ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကျောက် မျက်ရတနာပြပွဲ ခန်းမတို့၌ ကျင်းပမည့် အစီအစဉ်များကို လည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ ပြန်ကြားရေးနှင့်လုံခြုံရေး ဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ အထူးရောင်းချပွဲသို့တက်ရောက်ရန် ပြည်ပရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ကြားထားမှု အခြေအနေကို လည်းကောင်း၊ ရောင်းချရသော ပစ္စည်းများအတွက် ငွေပေးချေရန် စည်းကမ်း သတ်မှတ်ချက်များကို လည်းကောင်း အသီးသီးတင်ပြကြရာ အထူးရောင်းချပွဲပြပွဲကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များကပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဗဟိုကော်မတီဝင်များ၏ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိရေးတို့အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

၂၀၀၆ခုနှစ်ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအတွဲ အထူးရောင်းချပွဲသို့ တင်ပြရောင်းချလိုသည့် ရတနာကုန်သည်များသည် လာမည့် ဇွန်၃ရက်နောက်ဆုံးထား၍ ကျောက်မျက်ရတနာများကို လာရောက်အပ်နှံနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆေးပညာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)က အထွေထွေရောဂါ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ပညာစဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဇွန်၁ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်၍ ဆွေးနွေးပွဲတွင် ဆီးချိုရောဂါအတွက် Insulin ကုထုံးနည်းနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇေယျဝတီဆရာတော်သစ္စာတရားဟောကြားမည်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်၅ မေခလမ်း၌ တည်ဆောက်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ၌ ဝါကပ်တော်မူသည့် ဇေယျဝတီဆရာတော် ဘန္တ သောဘန(မွှော်စရိယ B.A) သည် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်ကျင်းပအပ်သော ၁၀ရက်တရားစခန်းပွဲ ဇွန်လပထမပွဲ ဇွန် ၅ရက်မှ ၁၄ရက်ထိလည်းကောင်း၊ ၁၈ရက်မှ ၂၄ရက်အထိ အဖွဲ့ခွဲ အမှတ် ၁၂၉ကန်ဦးရပ် မိတ္ထီလာမြို့၌လည်းကောင်း၊ ဇွန်၂၅ရက်မှ ဇူလိုင် ၁ ရက်အထိ သာစည်မြို့နယ် ရွှေလုံရွာ ရွှေလံတိုက်ကျောင်းတွင်လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

ဆရာတော်၏ ကျောင်းဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုပါက ဆရာတော် ဖုန်း-၀၉-၅၁၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၄၅၅၂၊ ၆၃၈၁၁၄၊ ၃၈၂၇၅၆၊ ဦးဌေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ တို့သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း တရုတ်မှပြန်လည်ရောက်ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲ တက်ရောက်ခဲ့

ရန်ကုန် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသအပြည်ပြည်ဆိုင်ရာစီးပွားရေး ကုန်သွယ်ရေးပြပွဲနှင့် တရုတ်စီချွမ် အရှေ့တောင်အာရှစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ကိုယ်စားလှယ်အဖွဲ့၏မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦး၊ မြန်မာ့ကြံလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးချွန်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံမြို့သစ်ရှိ သစ်အချောကိုင်လုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ National Wood Industry ကုမ္ပဏီ သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်းက စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သစ်လုံးခွဲစိတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် NWS ကုမ္ပဏီသစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းဆွေက စက်ရုံ၏ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများနှင့် တောင်ဒဂုံစက်မှုဇုန်မှ ထုတ်လုပ်သည့် သစ်အချောထည်စက်များကို လိုက်လံရှင်းလင်းပြသသည်။ **(ယာပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် တောင်ဒဂုံ စက်မှုဇုန်(၁)ရှိ ဇမ္ဗူရတနာ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်က စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် နိုင်ငံခြားသို့တင်ပို့မည့် သစ်ခွဲသားများ ထုပ်ပိုးနေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ် နှိုးဆော်ချက်

၁။ ယခုကဲ့သို့ မိုးရာသီအချိန်တွင် ဓာတ်လိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်သူလူထုအား ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် အောက်ပါအချက်များကို သတိပြုကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

- (က) အသုံးပြုသော ဝိုင်ယာကြိုးများ ဆွေးမြည့်ပေါက်ပြဲနေခြင်း၊
- (ခ) ဆားဗစ်ကြိုးပေါက်၍ ဆားဗစ်ကြိုးကို ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးတွင် ဓာတ်အားစီးဝင်နေခြင်း၊
- (ဂ) မိုးဒဏ်လေဒဏ်ကြောင့် ဓာတ်ကြိုးများပြတ်ကျနေခြင်း၊
- (ဃ) ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲကျနေခြင်း၊
- (င) ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်းကျိုးကျနေခြင်း၊
- (စ) ဓာတ်ကြိုးနှင့် သစ်ကိုင်းထိနေခြင်း၊
- (ဆ) ဓာတ်တိုင် ကားတိုက်ခံရ၍ လဲကျနေခြင်း၊
- (ဇ) ဓာတ်ကြိုးများရှော့ဖြစ်ပြီး မီးများပန်းထွက်နေခြင်း၊
- (ဈ) ဓာတ်ကြိုးများ လျော့ကျနေခြင်း၊
- (ည) ဓာတ်တိုင်ပေါ်သို့ တာဝန်ရှိသူမဟုတ်ဘဲ တက်ရောက်ခြင်း၊
- (ဋ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂။ အထက်ပါအချက်များဖြစ်ပေါ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ အမြန်ဆုံးဆက်သွယ် အကြောင်းကြားကြပါရန်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် နိုင်ငံတကာအဆင့်မြင့် နည်းပညာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသော တရုတ်နိုင်ငံလုပ် လျှပ်စစ်မော်တော်ယာဉ်တစ်စီးကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားကိစ္စ ရုရှားသမ္မတ၏ ကိုယ်စားလှယ် အီရန်သို့သွားမည်

မော်စကို မေ ၂၈

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် နိုင်ငံတကာမှ ဖိအားပေးနေမှုများကို အကြံပြုဖြေရှင်းပေးရန်အတွက် ရုရှားသမ္မတဗလာဒီမာပူတင်၏ အထူးကိုယ်စားလှယ် အိုင်ဂေါ်အိုင်ဗာနော့ဗ်သည် ယခုသီတင်းပတ်အတွင်း အီရန်နိုင်ငံသို့ ခရီးထွက်ခွာမည်ဖြစ်သည်ဟု ရုရှားသတင်းဌာနက မေ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ပူတင်၏ အထူးကိုယ်စားလှယ် အိုင်ဗာနော့ဗ်သည် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိအချို့နှင့်အတူ တီဟီရန်မြို့သို့ မေ ၂၇ရက်၌ ထွက်ခွာမည်ဟု အဆိုပါ သတင်းဌာနက ပြောကြားသည်။

အိုင်ဗာနော့ဗ်သည် အီရန်နိုင်ငံ၌ နျူကလီးယားဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှု၊ ညှိနှိုင်းမှုများပြုလုပ်မည်ဖြစ်သည်။ အိုင်ဗာနော့ဗ်သည် ရုရှားသမ္မတပူတင်၏ လုံခြုံရေးအဖွဲ့မှ အတွင်းရေးမှူးတစ်ဦးလည်းဖြစ်ပြီး အီရန်၊ နျူကလီးယား အကျပ်အတည်း ဆိုင်ရာကိစ္စရပ်များကိုလည်း ကိုင်တွယ်ဖြေရှင်းပေးနေသူဖြစ်သည်ဟု အင်တာဖက်သတင်းဌာနက ပြောကြားသည်။

အိုင်ဗာနော့ဗ်သည် အီရန်၌ မေ ၂၇ရက်နှင့် ၂၈ ရက်ကြာနေထိုင်မည် ဖြစ်သည်။ ရုရှားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာ သုံးစွဲပိုင်ခွင့်ရှိသည့် နိုင်ငံဖြစ်ပြီး အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ဝါရှင်တန်၏ အရေးယူဆောင်ရွက်ရန်ကိစ္စရပ်များကို ဆန့်ကျင်ခဲ့သူဖြစ်သည်။

အီရန်သည်နျူကလီးယားဗုံးထုတ်လုပ်ရန် ကြိုးစားနေသည်ဟု အနောက်နိုင်ငံများက သံသယရှိနေကြသည်။ အီရန်နိုင်ငံကမူ ပြည်သူတို့၏ စွမ်းအင်လိုအပ်မှုအတွက် နျူကလီးယားအစီအစဉ်ကို ပြုလုပ်နေခြင်းဖြစ်ကြောင်း ပြောကြားလျက် ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ထိုင်းနိုင်ငံ၌ ရေလွှမ်းမှုထပ်မံကြုံတွေ့နိုင်ဟုဆို

ဗန်ကောက် မေ ၂၈

ထိုင်းနိုင်ငံသို့ ယခုနှစ်တွင် လာနီညာရာသီဥတုကဲ့သို့သော ရာသီဥတုမျိုး ဝင်ရောက်နိုင်သဖြင့် ရေလွှမ်းမှုကဲ့သို့သော ဆိုးရွားသော အဖြစ်အပျက်များ ထပ်မံကြုံတွေ့ရနိုင်ကြောင်း သဘာဝဘေးဒုက္ခဆိုင်ရာ ထိပ်တန်းအရာရှိ တစ်ဦးက မေ ၂၆ ရက်၌ ပြောကြားလိုက်သည်။

အဆိုပါအရာရှိက ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံးသော လူ ၄၈ဦးခန့် သေဆုံးခဲ့ရသည့် ရေလွှမ်းမှုဖြစ်ပေါ်ပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ရွာသွန်း

လာနီညာသည် မုတ်သုံအစ အစောပိုင်းတွင် ဝင်ရောက်တတ်သည် ဖြစ်ရာ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်ကာ ရေလွှမ်းခြင်းများ ဖြစ်ပေါ်တတ်သည်ဟု သဘာဝ ဘေးဒုက္ခဆိုင်ရာ အရာရှိတစ်ဦးဖြစ်သည့် စမစ်ဒါမာဆာရိုဂျာက ပြောကြားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်နှင့် အလယ်ပိုင်းဒေသများတွင် အောက်တိုဘာမှ ဒီဇင်ဘာအထိရာသီဥတုနှင့် ပတ်သက်၍ သတိထားရမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗန်ကောက်မြို့သည် မြစ်ကမ်းနံဘေးတွင် တည်ဆောက်ထားသော မြို့ဖြစ်ပြီး လူဦးရေ ၁၀ သန်းခန့် နေထိုင်လျက်ရှိသောမြို့ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ပုံတူအရုပ်များပြသ

တရုတ်နိုင်ငံ အရှေ့ပိုင်း ဟန်ကျိုးမြို့ရှိ စတိုးဆိုင်တစ်ဆိုင်တွင် ဘောလုံး အကျော်အမော်များ၏ ပုံတူအရုပ်များအား အရောင်းဝန်ထမ်းတစ်ဦး ကပြသနေသည်ကို မေ ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါကစ္စတန်-အီရန်နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်

အစ္စလမ္မာဘတ် မေ ၂၈

ပါကစ္စတန်နှင့် အီရန်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းအဖြစ် အမေရိကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံမည့် ပူးတွဲကုမ္ပဏီတစ်ခုကို ကရာချိမြို့တွင်ထူထောင်ရန် မေ ၂၅ ရက်က အီရန်နှင့်ပါကစ္စတန်နိုင်ငံတို့က ဆုံးဖြတ်လိုက်ကြပြီဖြစ်သည်ဟု ပါကစ္စတန်သတင်းဌာန အေပီပီက သတင်းထုတ်ပြန်သည်။

အစ္စလမ္မာဘတ်မြို့ရှိ နိုင်ငံခြားရေးရုံး၌ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ခရာရှိတ်မာမွတ်ကာဆူရီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မာနောချီရာမော့တာကီတို့ တွေ့ဆုံဆွေးနွေးပြီး ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်

အီရန်နိုင်ငံခြားရေးဝန်ကြီးက အီရန်နိုင်ငံနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား လမ်းနှင့်မီးရထားလမ်းများဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ပါကစ္စတန်နှင့် ပူးတွဲဆောင်ရွက်ရန် အချက်အလက်များကို ပေးအပ်သည်။

ပြောကြား

ထို့အပြင် ကရာချိမြို့တွင် အီရန်နိုင်ငံ မယ်လ်လီဘဏ်၏ ဘဏ်ခွဲတစ်ခုကို ထူထောင်ရန်လည်း အီရန်က ဆုံးဖြတ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဆွေးနွေး

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ အီရတ်နှင့်အာဖဂန်နစ္စတန်ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗင်နွာတူ၌ မီးတောင်သုံးလုံးပေါက်ကွဲ

ဝယ်လ်လင်တန် မေ ၂၈

ဗင်နွာတူ၌ မီးတောင်သုံးလုံး ပေါက်ကွဲခဲ့ကြောင်း၊ ပြာများ မှုတ်ထုတ်စဉ် အစားအစာနှင့် သောက်သုံးရေများ ညစ်ညမ်းသွားကြောင်း သိရသည်။

လိုပီဗီမီးတောင်မှပြာများ မှုတ်ထုတ်ခဲ့သဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးကာ သောက်သုံးရေများ ညစ်ညမ်းသွားကြောင်း နယူးဇီလန် ရေဒီယိုက မေ ၂၆ရက်၌ ကြေညာသည်။

လွန်ခဲ့သော နှစ်ပတ်ကျော်က အဆိုပါ မီးတောင်မှ ပြာများမှုတ်ထုတ်ခဲ့သဖြင့် ဆိုးဆိုးရွားရွားဖြစ်နေသော ပါးမားကျွန်းပေါ်ရှိ ရွာနှစ်ရွာသို့ ကယ်ဆယ်ရေးအဖွဲ့များ မသွားရောက်နိုင်ဟုဆိုသည်။

ဘင်ဘိုးနှင့် မာရမ်မီးတောင်များမှာလည်း စတင်ပေါက်ကွဲနေပြီဖြစ်ကြောင်း၊ အမ်ဘရိုင်ယန်ကျွန်း အရှေ့တောင်ဘက်မှရွာ ၁၀ရွာပေါ်သို့ ပြာများကျလာနေပြီဖြစ်ကြောင်း အဆိုပါကျွန်းအနီးမှလာသော သတင်းများအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားငလျင် သေဆုံးသူ ၃၇၀၀ကျော်သွားပြီ

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းဒေသများနှင့် ဂျော့ဂျာကာတာမြို့တို့တွင် မေ၂၇ရက် နံနက်ပိုင်းက အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၂ရှိ မြေငလျင်တစ်ခု လှုပ်သွားရာ အိမ်များနှင့် အစိုးရရုံးအဆောက်အအုံများ ပြိုကျသွားခဲ့သည်။

ယင်း အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့် သေဆုံးသူ ၃၇၀၀ ကျော်ပြီး ဒဏ်ရာရသူ ထောင်ပေါင်းများစွာ ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ထောင်ချီသောဒေသခံများသည် ပျက်စီးသွားသော အိမ်အပြင်ဘက်နှင့်မြေပြင်တွင် ဖယောင်းတိုင်မီးများထွန်းညှိပြီး နေခဲ့ရသည်။ အဆိုပါ မြေငလျင်သည် မြို့တော်ဂျကာတာ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၄၀ အကွာရှိ ရှေးဟောင်းမြို့တော် ဂျကာတာနှင့် ဂျာဗားကျွန်း အလယ်ပိုင်း၌ အင်အားပြင်းထန်စွာ လှုပ်သွားခဲ့ခြင်းဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

သေဆုံးသူများအား အပျက်အစီးများကြားတွင် ယခုတိုင်ရှာဖွေ နေဆဲဖြစ်ကြောင်း၊ ငလျင်ဒဏ်ခံရသော ဒေသများအတွက် အကူအညီများရရန် အာဏာပိုင်များက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ မြေငလျင်လှုပ်ခဲ့သဖြင့် ပြိုကျနေသော အဆောက်အအုံ အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှား၌ အမြဲတမ်းနေ ပြည်ပနိုင်ငံခြားသားများအတွက် လုပ်ဝင်မှုကြီးကြပ်ရေး စည်းကမ်းချက်ထုတ်ပြန်

ကွာလာလမ်ပူ မေ ၂၈

မလေးရှားလူဝင်မှုကြီးကြပ်ရေးရုံးက ယင်း၏နိုင်ငံအတွင်းအမြဲတမ်း နေထိုင်သူများ ပီအာကတ်အတွက် စည်းကမ်းချက်အသစ်ကို စတင်ဆောင်ရွက်နေကြောင်း လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ် ရာဂျာအာဇာဟာရာဂျာ အဗ္ဗဒူမာနက်က မေ၂၅ရက်က ပြောကြားသည်။

ထုတ်ပြန်လိုက်သော စည်းကမ်းချက်အရ မလေးရှား မှတ်ပုံတင်ထောက်ခံစာမရှိသော အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားများသည် မလေးရှားနိုင်ငံမှ ထွက်ခွာသည်ဖြစ်စေ၊ ပြန်လည်ဝင်ရောက်လာသည်ဖြစ်စေ ယင်းတို့၏ နိုင်ငံကူးလက်မှတ်များနှင့် ပီအာကတ်များကို စစ်ဆေးရေးဂိတ်၌ ထုတ်ပြရန် လိုအပ်မည်ဟု အဆိုပါ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

မသက်ဆိုင်

ယခင်က မလေးရှား၌ အမြဲတမ်းနေ နိုင်ငံခြားသားများသည် နိုင်ငံမှ မထွက်ခွာမီ နိုင်ငံကူးလက်မှတ်ကိုသာ ပြရန်လိုသည်ဟု ၎င်းက ပြောကြားသည်။ သို့ရာတွင် ယင်းစည်းကမ်းချက်အသစ်သည် မလေးရှားမှတ်ပုံတင်ဌာနမှ ထောက်ခံချက်ရရှိထားသော အမြဲတမ်းနေသူများနှင့် မသက်ဆိုင်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘင်္ဂလားဒေ့ရှ်၌ မိုးကြိုးပစ်ခံရ၍ လူရှစ်ဦးသေဆုံး

ဒါကာ မေ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပီရိုပူရာမြို့တောင်ပိုင်းနှင့် ဆတ်ခီရာမြို့အနောက်တောင်ပိုင်းတွင် မေ၂၆ရက်နှင့် ၂၇ရက်တွင် မိုးကြိုးပစ်ချခံရမှု ကြောင့် လူရှစ်ဦး သေဆုံးပြီး အခြားခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြစ်တစ်ခုအတွင်း ငါးဖမ်းနေသော ငါးဖမ်းသမားသုံးဦး၊ ဆတ်ခီရာအနောက်တောင်ပိုင်းတွင် လူငါးဦး သေဆုံးခဲ့ကြရခြင်းဖြစ်ပြီး အခြားလူခုနစ်ဦးတို့ မိုးကြိုးပစ်ချခံရမှုကြောင့် ဒဏ်ရာရရှိခဲ့ ခြင်း ဖြစ်သည်။

သေဆုံးသူ နှစ်ဦးမှာ သစ်ပင်အောက်တွင်ရှိနေစဉ် မိုးကြိုးပစ်ချခံရခြင်းဖြစ်ကြောင်း၊ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒါဖာငြိမ်းချမ်းရေးတိုးတက်ရန် ကွန်ဂိုသမ္မတ ဆော်ဩ

အယ်ဖာရှာ မေ ၂၈

စစ်ပွဲကြောင့် ယိုယွင်းပျက်စီးနေသော ဆူဒန်မြောက်ပိုင်း၏ မြို့တော် အယ်ဖာရှာမြို့၌ အဘူရှောက် ဒုက္ခသည်စခန်းတွင် ကလေးငယ်များကို တွေ့ရခြင်း ဖြစ်သည်။**(အပေါ်ပုံ)**

အဆိုပါဒုက္ခသည်စခန်းတွင် ဒုက္ခသည်ပေါင်း ၅၀၀၀၀ကျော်ရှိပြီး ၂၀၀၄ ခုနှစ်က တည်ထောင်ထားခဲ့ပြီး အဆိုပါပြည်နယ်၏ အကြီးဆုံးစခန်းဖြစ်သည်။ ကွန်ဂိုသမ္မတဒင်းနစ်ဆက်ဆော အင်န်ဂက်ဆိုက အာဖရိကသမဂ္ဂ အကြီးအကဲအဖြစ်ဆောင်ရွက်နေပြီး ဒါဖာငြိမ်းချမ်းရေး တိုးတက်ဆောင်ရွက်ရန်ဆော်ဩလိုက်သည်။ သို့ရာတွင် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရန် သူပုန်များက ငြင်းဆန်နေဆဲဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇီဝနည်းပညာနှင့် ပေါင်းစပ်သည့်ကုထုံး နှလုံး၊ အယ်ဇိုင်းမားနှင့် ပါကင်ဆန် ဖြစ်ပွားမှုကျဆင်းနိုင်

ဆစ်ဒနီ မေ ၂၈

လူသားတို့၏ မူလစတမ်းဆဲလ်များကို ဇီဝနည်းပညာရပ်များနှင့် ပေါင်းစပ်ကာ ကုသပေးခြင်းဖြင့် လူတို့တွင်ဖြစ်ပေါ်တတ်သည့် အယ်ဇိုင်းမားရောဂါ၊ ပါကင်ဆန်ရောဂါနှင့် နှလုံးရောဂါတို့ ဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

စမ်းသပ်စစ်ဆေး

ဇီဝနည်းပညာရပ်များ ပေါင်းစပ်ထားသည့် အဆိုပါကုထုံးကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အသက်အရွယ်အပိုင်းအခြားအလိုက် ကုသပေးပါက ထိရောက်သော အကျိုးဆက်များကို ရရှိစေနိုင်သည်ကို တွေ့ရှိခြင်းဖြစ်သည်ဟု ဩစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

ထိုသို့ ကုသရာတွင် ကိုယ်ကျင့်တရား စောင့်ထိန်းမှုသည်လည်း ထိရောက်သော ပံ့ပိုးမှုများဖြစ်ရာ ရောဂါကုသချိန်တွင် ပိုမိုအကျိုးရှိစေနိုင်သည်ဟု ဆိုသည်။

အထောက်အကူပြု

စိတ်နေစိတ်ထား သန့်ရှင်းမှုသည် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှုကိုအထောက်အကူပြုရာရောက်သည်ဟု ၎င်းတို့က ပြောကြားသည်။

ကုသပေး

စတမ်းဆဲလ်ကို ဇီဝနည်းပညာနှင့် သိပ္ပံနည်းပညာရပ်များ ပေါင်းစပ်ကာ တိရစ္ဆာန်များအား ပထမဦးစွာ ကုသပေးခဲ့ရာ အောင်မြင်ကြောင်း တွေ့ရှိရသည်။

အဆိုပါကုထုံးဖြင့် ကုသပေးသောကြွက်ကလေးများနှင့် အခြားကုထုံးဖြင့် ကုသပေးထားသော ကြွက်ကလေးများ၏ ကျန်းမာရေး တိုးတက်မှုမှာ သိသိသာသာ ထူးခြားကြောင်း ပညာရှင်များက ပြောကြားသည်။

ယခုထက် ပိုမိုကောင်းမွန်သော ကုထုံးဖြင့် အခြားရောဂါများ အများအပြားကို ကုသပေးနိုင်ရန်လည်း ဩစတြေးလျသိပ္ပံပညာရှင်များက ကြိုးစားသုတေသနပြုလျက် ရှိသည်။ **(အင်တာနက်)**

အီရတ်တွင်မှားခဲ့သည့် အမှားမျိုး ထပ်မံမကျူးလွန်မိရန် အီရန်သမ္မတဟောင်းသတိပေး

တီဟီရန် မေ ၂၈

အမေရိကန်နှင့် ဗြိတိန်တို့အား အီရန်တွင် အီရတ်လို အမှားများထပ်မံမကျူးလွန်မိရန် အီရန်သမ္မတဟောင်း ရက်ဖ်ဆန်ဂျာနီက မေ ၂၆ ရက်၌ သတိပေးပြောကြားလိုက်သည်။

ဝန်ခံ

အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့က အိမ်ဖြူတော်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အီရတ်နှင့်ပတ်သက်၍ အမှားများ လုပ်ခဲ့မိကြောင်း ဝန်ခံခဲ့ပြီး နောက်တစ်ရက်အကြာ ရက်ဖ်ဆန်ဂျာနီက အထက်ပါအတိုင်း သတိပေးလိုက်ခြင်းဖြစ်သည်။ ယင်းခေါင်းဆောင်နှစ်ဦးသည် အီရန်နိုင်ငံအား နျူကလီးယား အစီအစဉ်တွင် နှောင့်ယှက်နေခြင်းကို ရပ်တန့်ပေးပြီး ဖြောင့်ချက်ပေးသင့်ကြောင်းလည်း ရက်ဖ်ဆန်ဂျာနီက ပြောကြားလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ အီရန်နျူကလီးယားကိစ္စ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်တွင် ပြောက်ကျားများ အစိုးရယာဉ်တန်းကို တိုက်ခိုက်

ကဘူးလ် မေ ၂၈

တာလီဘန်ပြောက်ကျားများက အာဖဂန်နစ္စတန် တောင်ပိုင်း၌ ပြည်နယ်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ရာ တာလီဘန် ၁၁ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ၎င်းအစိုးရက မေ ၂၃ရက်၌ ပြောကြားသည်။

သေဆုံး

သီးခြားဖြစ်စဉ်တစ်ရပ်တွင် ကဘူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အာဖဂန်အကူအညီပေးရေး အလုပ်သမားလေးဦး သေဆုံးခဲ့သည်။ ၂၀၀၁ ခုနှစ်က တာလီဘန်အစိုးရ ပြုတ်ကျပြီးနောက် နေတိုးတပ်များ ဝင်ရောက်လာချိန်မှစ၍ အကြီးမားဆုံး တိုက်ခိုက်မှုကြီးဖြစ်ခဲ့ပြီး ယခုတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။

ကြီးမားသောတိုက်ခိုက်မှု

မေ ၁၇ရက်က အာဖဂန်နစ္စတန်တွင် အီရတ်ထက်ကြီးမားသော တိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၅၀ကျော် သေဆုံးခဲ့သည်။ ထိုရက်က သေဆုံးမှုသည် အီရတ်ထက်ပိုများကြောင်း အမေရိကန်နှင့်အာဖဂန် အာဏာပိုင်များက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီ ၄ ရာစုခန့်က ရှေးဟောင်းပစ္စည်းများ

ဘီစီ ၄ ရာစုခန့်က ရှေးခေတ် ဘုရင်တစ်ပါးအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။(ယာပုံ)

အဆိုပါပစ္စည်းများကို ဘူလ်ဂေးရီးယားနိုင်ငံ ဗာနာမြို့ ရှေးဟောင်းပြတိုက်၌ ပြသထားခြင်းဖြစ်ပြီး ရေခွက်နှင့် ရေတကောင်းတို့ဖြစ်သည်။ ကနုတ်ပန်းများနှင့် လူရုပ်၊ တိရစ္ဆာန်ရုပ်တုများပါ ထည့်သွင်းပြုလုပ်ထားပြီး ရှေးဟောင်းရွှေဖြင့် အနုစိတ် မွမ်းမံထားခြင်းဖြစ်သည်။ ၎င်းပစ္စည်းများသည် ရှေးခေတ် ဘုရင်တစ်ပါး၏ အသုံးအဆောင်ပစ္စည်းများဖြစ်ပြီး ဘီစီ ၄ ရာစုခန့်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၄၁၇ သန်းခန့်က ငါးအရိုးစု

လွန်ခဲ့သောနှစ်ပေါင်း၄၁၇ သန်းမှ ငါးအရိုးစုတစ်ခုကို တွေ့ရစဉ်။

(ဝဲပုံ)

အဆိုပါငါးအရိုးစုကို လန်ဒန်မြို့ သိပ္ပံဆိုင်ရာပြခန်း၌ ပြသထားခြင်းဖြစ်ပြီး ခြေချောင်းများပါရှိသော ရှေးအကျဆုံး မိကျောင်းတစ်ကောင်နှင့် တူသည့် ငါးတစ်ကောင်၏အရိုးစု တစ်ခုဖြစ်သည်။ သုတေသနပညာရှင်များက လွန်ခဲ့သောနှစ်ပေါင်း ၄၁၇သန်းနှင့် ၃၅၄သန်းကာလအတွင်း အသက်ရှင်ကျက်စားခဲ့သည့် ငါးတစ်ကောင်ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်သတ်မှတ်နိုင်ရေး ရန်ကုန်အရှေ့ပိုင်းခရိုင် စာသင်ကျောင်းများသို့ အမှိုက်ပုံးများပေးအပ်

ရန်ကုန် မေ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကျား၊ ဆေးလိပ်၊ အမှိုက်ကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်တထောင် အထက(၆) ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက် လေ့လာမေးမြန်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဧည့်သည်တော်များက ဖွင့်ပွဲအထိမ်းအမှတ် ကြက်ဆူပင်စိုက်ပျိုးခြင်း၊ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုကို လိုက်လံ ကြည့်ရှုအားပေးခဲ့ကြသည်။

ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကျား၊ ဆေးလိပ်၊ အမှိုက်ကင်းစင်သော ကျောင်းများအဖြစ် ပေါ်ထွန်းနိုင်ရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များနှင့် ပတ်သက်၍ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာလှမြင့်က ဤသို့ရှင်းပြသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အမှာစကားပြော

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အခမ်းအနားဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားကာ ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် စာသင်ကျောင်းများအတွက် အရှေ့ပိုင်းခရိုင် ပညာရေးမှူးထံသို့ အမှိုက်ပုံး ၇၀၀ ကို လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းများအတွက် လှူဒါန်းထားသော အမှိုက်ပုံးများကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ရန်ကုန်မြို့တော်စည်ပင်မှ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပညာရေးဝန်ထမ်းများ ပါဝင်ရမည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှမြင့်က ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဇယားကားချပ် ၁၄ ခုကို အရှေ့ပိုင်းခရိုင်မြို့နယ်များကိုယ်စား ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်လှဲလှဲဆွေထံ ပေးအပ်လိုက်သည်ကို တွေ့ရသည်။

တွေ့ဆုံ

ယခုအခါ မိုးရာသီကျရောက်ပြီဖြစ်ရာ လူကြီး၊ လူငယ်မရွေး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကျား၊ ဆေးလိပ်၊ အမှိုက်ကင်းစင်သော ကျောင်းများ သတ်မှတ်နိုင်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှမြင့်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

စတင်တွေ့ရှိ

ဒေါက်တာလှမြင့်က ၁၉၅၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ စတင်တွေ့ရှိခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ သွေးလွန်တုပ်ကွေး လူနာ စတင်တွေ့ရှိပြီး ၁၉၇၀ ပြည့်နှစ်တွင် ပထမဦးဆုံး သွေးလွန်တုပ်ကွေးကပ်ရောဂါ ရန်ကုန်မြို့တွင် စတင်ဖြစ်ပွားပြီး ၁၉၇၁ ခုနှစ်တွင် ရန်ကုန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ရောဂါသည် ၁၆၅၀ ဖြစ်ပွားကာ ၉၀ သေဆုံးခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ် ရန်ကုန်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားရာ လူနာ ၁၉၅၅ ဦးအနက် လူ ၁၀၀ သေဆုံးခဲ့ကြောင်း၊ မန္တလေးမြို့၌ ရောဂါသည် ၂၁၃၄ ဦးဖြစ်ပွားပြီး ၇၉ ဦး သေဆုံးခဲ့ကြောင်း၊ ၁၉၉၀ မှ ၂၀၀၁ ခုနှစ်အတွင်း ရန်ကုန်အပါအဝင် ပြည်နယ်နှင့်တိုင်းများတွင် သွေးလွန်တုပ်ကွေး ကပ်ရောဂါအသွင်ဖြင့် ပြောင်းလဲဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် မြန်မာပြည် တစ်ပြည်လုံး သွေးလွန်တုပ်ကွေးရောဂါ ၉၀၇ ဦးဖြစ်ပွားပြီး သေဆုံးသူမှာ ၇၈ ဦး သေဆုံးသူရှိသည့်အနက် ရန်ကုန်မြို့တွင် ၄၂၁ ဦးဖြစ်ပွားကာ ၂၃ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ သွေးလွန်တုပ်ကွေးရောဂါသည် ၇၂၃၄ ဦး ဖြစ်ပွားပြီး ၇၂ ဦး သေဆုံးသူရှိသည့်အနက် ရန်ကုန်မြို့၌ ၂၈၆ ဦး ဖြစ်ပွားပြီး ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် ရန်ကုန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ၅၆၂၁ ဦး ဖြစ်ပွားရာ ၄၀ သေဆုံးခဲ့ကြောင်း၊ အဆိုပါသွေးလွန်တုပ်ကွေးရောဂါသည် ရန်ကုန်မြို့၌ အဖြစ်များပြီး သေဆုံးမှုနှုန်း မြင့်မားကြောင်း မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ သွေးလွန်တုပ်ကွေး ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ပညာပေးပိုစတာကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဆက်လက်၍ သွေးလွန်တုပ်ကွေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းပြသွားခဲ့ပါသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့်ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း)

"အခက်အခဲနှင့်အောင်ပွဲ" စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၈

စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသော **"အခက်အခဲနှင့်အောင်ပွဲ"** စာအုပ်ကို မေ ၂၅ ရက်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း "အခက်အခဲနှင့်အောင်ပွဲ"တွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က ပြည်တွင်းခရီးစဉ်အတွေ့အကြုံများ၊ အထူးသဖြင့် ကျေးရွာစာကြည့်တိုက်များ တိုးတက်လာရေးအတွက် ပြုစုပျိုးထောင်ရေးကို စာဖတ်သူများသို့ တိုက်တွန်းအားပေးချက်များအပါအဝင် အခြားအတွေ့အကြုံများကို လေ့လာရေးသားခဲ့သော ဆောင်းပါး ၁၈ ပုဒ် ပါဝင်သည်။

အခက်အခဲနှင့်အောင်ပွဲဟူသည် ဒင်္ဂါးပြားတစ်စေ့၏ ခေါင်းနှင့်ပန်းကဲ့သို့ဖြစ်ပြီး အခက်အခဲကိုမကျော်လွှားဘဲ အောင်ပွဲမရနိုင်၊ အခက်အခဲတို့ကို အရင်းတည်ပြီးမှ ကြီးကျယ်သောအောင်မြင်မှုကို ရရှိစမြဲဖြစ်ကြောင်း၊ အောင်ပွဲနှင့်စပ်လျဉ်း၍ ယင်းစာအုပ်တွင် ညွှန်းဆိုဖော်ပြထားသည်။ ယင်းစာအုပ်ကို အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ နိုင်စာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ကျပ် ၇၅၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆-၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝန်ကြီးများအဆင့်အစည်းအဝေးတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၈

မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ မေ၂၉ရက်မှ ၃၀ရက်အထိ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် အိမ်ရှင်မလေးရှားနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆအစ်ဟာမစ် အယ်လ်ဘာ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာရာဟာရှုဒင်ဘင်မိုဟာမက်ဆွမ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအစည်းဝေးအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဉာဏ်လင်း၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ယင်းနောက် ဝန်ထမ်းများအား တွေ့ဆုံပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို တည်ဆောက်ထုတ်လုပ်ရေးနှင့်သယ်ပို့ဖြန့်ဖြူးရေးဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြား ဆောင်ရွက်လျက်ရှိရာ မိမိတို့ ဌာနအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် လုပ်ငန်းများကိုတိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရေး၊ လုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်မြို့နယ် ဘုရင့်နောင်ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်က ရန်ကုန်မြို့အား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ဘုရင့်နောင် ဓာတ်အားခွဲရုံတည်ဆောက်ရေးအခြေအနေ၊ ပစ္စည်းများရရှိမှု အခြေအနေ၊ လှိုင်သာယာ-ဘုရင့်နောင် မြစ်ကျော် မဟာဓာတ်အားလိုင်း သွယ်တန်းနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီရောက်ရှိလာတော့မည်ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလတွင် လုပ်ငန်းများပြီးစီးရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားပြီး မြစ်ကျော် မဟာဓာတ်အားလိုင်းသွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း စက်များလည်ပတ်နေမှုကို ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် စက်ရုံမှူးက သဘာဝဓာတ်ငွေ့ရရှိမှု၊ စက်များ လည်ပတ်နေမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ရုံအနေဖြင့် ရန်ကုန်မြို့အား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသည့် စက်ရုံတစ်ခုဖြစ်သည်နှင့်အညီ စွမ်းအားပြည့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ စက်ရုံလုံခြုံရေးစသည်တို့ကို မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်ရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ထုတ်လုပ်ဖြန့် ဖြူးနိုင်ရေးအတွက်

✡ ကျောဖုံးမှ

ဘွက်ကြီးတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်ပေ ၆၀၀၊ ချဉ်းကပ်တံတားအရှည်ပေ ၁၁၇၀ ရှိပြီး စုစုပေါင်းတံတား အရှည်ပေ ၁၇၇၀ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ယခုအခါပင်မတံတားတိုင် ခုနစ်တိုင်အနက် ငါးတိုင်မှာ ပိုင်တိုင်ထိပ်အုပ်အထိပြီးစီး၍ နှစ်တိုင်သာ ကျန်ရှိသည်။ ပြည်ဘက်ကမ်း ချဉ်းကပ်တံတား၌ တံတားတိုင် ကိုးတိုင်အားလုံးပြီးစီးလျက် သံကူကွန်ကရစ်ရက်မလေးခန်း တင်ပြီးဖြစ်သည်။ အောင်လံဘက်ကမ်း၌ တံတားတိုင်ရှစ်တိုင်ရှိသည့်အနက် နှစ်တိုင်ပြီးစီး၍ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမြန်ဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘွက်ကြီးတံတား စီမံကိန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်-မုံရွာလမ်း (ပခုက္ကူ-ဆိပ်ဖြူအပိုင်း)မိုင်တိုင် (၁၉/၂)ရှိ ယောချောင်းတံတား(ကံတွင်း) လုပ်ငန်းစီမံကိန်းသို့ ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းကလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လက်ရှိ တစ်လမ်းသာ အသုံးပြုနေရာမှ နှစ်လမ်းစလုံး အသုံးပြုနိုင်ရန် ကျန်လုပ်ငန်းများ အမြန်ဆောင်ရွက်ရန်မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယောချောင်းတံတား (ကံတွင်း)မှာ ယခင်က ဘေလီတံတားဖြစ်ပြီး ယင်းကို လွန်တူးဘိုးပိုင် သံကူကွန်ကရစ်တိုင်၊ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ် တံတားအဖြစ်အဆင့်မြှင့်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၅၂၀၊ ယာဉ်သွားလမ်း အကျယ်၂၄ပေနှင့် လူသွားလမ်းအကျယ် သုံးပေစီ နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်သည်။

ယခုအခါ ယောချောင်းတံတား (ကံတွင်း)မှာ တံတားလက်ရန်းနှင့် လူသွားလမ်းသာဆောင်ရွက်ရန် ကျန်ရှိပြီး ယာဉ်နှစ်လမ်း မောင်းနှင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို မှာကြားသည်။

တိကျစွာလိုက်နာဆောင်ရွက်

ယင်းနောက်ဝန်ကြီးသည် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနသို့ ရောက်ရှိပြီး ဌာနမှူးက ဌာနအတွင်း လှည့်လည်ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရန်ကုန်မြို့ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် မီတာလုံးရေ၁၀၀၀၀၀ တပ်ဆင်နိုင်ရေး စီမံချက်ချဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၇၂၅၀၇လုံး စစ်ဆေးစမ်းသပ်ပြီး မီတာတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မီတာများ သတ်မှတ်စံချိန်စံညွှန်းမီ၊ မမီ စစ်ဆေးစမ်းသပ်သည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီ လုပ်ငန်းများအား တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ဌာနအချင်းချင်း အဆင်ပြေချောမောစွာ ဆက်သွယ်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ စစ်ဆေးရေးအဖွဲ့များ၏ ကြပ်မတ်ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ် တပ်နယ်မှူးဗိုလ်မှူးချုပ်မြင့်စိုးသည် ဒုတိယဥက္ကဋ္ဌ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ် တပ်မှူးဗိုလ်မှူးကြီးဝင်းနောင်၊ အတွင်းရေးမှူး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသောနေရာများတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဇရိယာများ တဖြည်းဖြည်းကျယ်ပြန့်လာပြီး ခြောက်သွေ့သောနေရာဒေသများ ပိုမိုဖြစ်ထွန်းလာကြောင်း ထိုသို့ သဲကန္တာရဖြစ်ပေါ်လာမှုမှာ မိုင်ရာနှင့်ချီ၍ ဖြစ်ပေါ်လျက်ရှိကြောင်း အမေရိကန် ဝါရှင်တန်တက္ကသိုလ်မှ ရာသီဥတုဆိုင်ရာ သုတေသနပညာရှင် ပါမောက္ခဂျွန်ဝေါလေ့က ပြောကြားသည်။

ထိုဒေသများတွင် အပူချိန်မှာလည်း နှစ်ဒီဂရီဖာရင်ဟိုက်မှ သုံးဒီဂရီဖာရင်ဟိုက်အထိ တိုးမြင့်လျက်ရှိကြောင်း အဆိုပါဒေသ၏ အပူချိန်နှင့် ရာသီဥတုပြောင်းလဲမှုကို လေ့လာစူးစမ်းရန် တပ်ဆင်ထားသည့် ကိရိယာများအရ သိရသည်။

အပူချိန်မြင့်တက်မှုကြောင့် အပူပိုင်းရပ်ဝန်းဒေသများတိုးပွားလာမှုသည် ၎င်းဒေသများနည်းတူ သြစတြေးလျနိုင်ငံတောင်ပိုင်း၊ မြေထဲပင်လယ်မြစ်ဝှမ်းဒေသများ၊ အမေရိကန်အနောက်ပိုင်းများအပါအဝင် အခြားဒေသများတွင်လည်းစိုးရိမ်ဖွယ်ရာကောင်းအောင်ဖြစ်ပေါ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားသည်။ **(ကိုးကား-သည်စထရိတ်တိုင်းမ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများအရောင်းကိုယ်စားလှယ်ပေးအပ်ခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများအား ဝင်းသူဇာအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချလျက်ရှိပါသည်။ အဆိုပါဆိုင်တင်ပစ္စည်းအမယ်များအား အရောင်းကိုယ်စားလှယ်ယူလိုသူများသို့ ကိုယ်စားလှယ်ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ကိုယ်စားလှယ်ယူလိုသူများအား အောက်ဖော်ပြပါအချက်အလက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(က) မိမိဝယ်ယူလိုသောပစ္စည်းတန်ဖိုးနှင့်ညီမျှသော မိမိပိုင်(အိမ်၊ ခြံ၊ မြေ၊ ရွှေ၊ ငွေ)တို့အား အာမခံအဖြစ် တင်ဆောင်ရမည်ဖြစ်ပါသည်။

(ခ) အာမခံတင်သွင်းထားသော တန်ဖိုးအတွင်းရှိ ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။

(ဂ) မိမိတတ်နိုင်သလောက် ပစ္စည်းအမယ်နှင့် အရေအတွက်အား ဝယ်ယူနိုင်ပါသည်။

(ဃ) ကိုယ်စားလှယ်ယူလိုသောပစ္စည်းအမယ်အား သက်ဆိုင်ရာစက်မှုလုပ်ငန်းများသို့ လာရောက်ဆွေးနွေးနိုင်ပါသည်။

(င) မိမိဝယ်ယူလိုသောပစ္စည်းအမျိုးအစားအား မိမိလိုချင်သောပုံစံဖြင့် ထုတ်လုပ်ပေးစေလိုပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

(စ) တစ်လတစ်ကြိမ်ယူသည့်စနစ် (သို့မဟုတ်) အဟောင်းကုန် အသစ်ယူစနစ် ကျင့်သုံးနိုင်ပါသည်။

(ဆ) နိုင်ငံတော်စီမံကိန်းသုံး ထုတ်ကုန်ပစ္စည်းအချို့နှင့် ဆရာဝန်ညွှန်ကြားချက်အရသုံးရသော ဆေးဝါးများမှအပ ကျန်ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။

(ဇ) ဝင်းသူဇာဆိုင်မတင်သော အင်္ဂတေပစ္စည်းများနှင့် မီးခံအုတ်ပစ္စည်းများလည်း ဝယ်ယူနိုင်ပါသည်။

(ဈ) အသင်း/အဖွဲ့၊ ပုဂ္ဂလိကမည်သူမဆို လွတ်လပ်စွာ ကိုယ်စားလှယ်အဖြစ် လျှောက်ထားနိုင်ပါသည်။

(ည) ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိပါ။

၃။ ကိုယ်စားလှယ်ယူလိုသူများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၁၃၅ နှင့် ရန်ကုန်မြို့ တယ်လီဖုန်းအမှတ် ၀၁-၅၆၂၁၉၃ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၉-၅-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၈။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၉။ **"အနိုင် အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ အဆိုပြိုင်ပွဲ
၁၈:၄၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈:၅၅ ၁၅။ အကပြိုင်ပွဲ
၁၉:၀၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၁၅ ၁၇။ မြန်မာ့ပန်းဆယ်မျိုး (ပန်းတဉ်း)
၁၉:၂၅ ၁၈။ အတီးပြိုင်ပွဲ
၁၉:၄၀ ၁၉။ ပညာဥယျာဉ် လူတိုင်းအကျိုးဝင် ပွင့်သောပန်းတိုင်း မွှေးစေချင်
၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း-၁၇)
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

● ရှေ့ဖုံးမှ

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် မရမ်းကုန်းချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးနိုင်ပြီး ဧက ၁၀၀၀၀ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ကိုးခုမြောက်

ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သည့် ၁၈၆ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး မွန်ပြည်နယ်အနေဖြင့် ကိုးခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းကုန်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ရည်ရွယ်တည်ဆောက်

သထုံမြို့နယ်အတွင်းရှိ ဆားချောင်းနှင့် မရမ်းကုန်းချောင်းဝန်းကျင်ရှိ ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီ ဒီရေတက်ချိန်၌ ဒီရေများကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန်နှင့် ဒီရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးနိုင်ခြင်းဖြင့် လယ်မြေများ ရေလွှမ်းခံရမှု သက်သာစေရန်၊ မိုးနှောင်းကာလ မိုးစပါးအောင်ရေဖြည့်ဆည်းပေးနိုင်ရန်၊ နွေရာသီတွင် ပင်လယ်ဆားငန်ရည်နှင့် သဲနုန်းများ လယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့် ရေချိုထိန်းသိမ်းထားနိုင်ရန် စသည့်အကျိုးကျေးဇူးများရရှိရန် ရည်ရွယ်၍ ဤမရမ်းကုန်း ရေထိန်းတံခါးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ယခု မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်ထားသည့် နေရာတွင် ယခင်က ဂဝံကုန်းကြီးတည်ရှိခဲ့သဖြင့် တောင်ကျရေများကို ပင်လယ်ဘက်သို့ ထုတ်နုတ်နိုင်ခြင်းမရှိဘဲ ရေကြီးရေလွှမ်းကွင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ ဂဝံကုန်းကြီးကို အနည်းဆုံး ၆ပေမှ အများဆုံး ၁၂ပေအထိ နှိမ့်ချနိုင်ရန်အတွက် လွန်တူးမိုင်းခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ မိုးရာသီတွင် ရေများပိုမိုထိရောက်စွာ ထုတ်နိုင်ပြီး ရေကြီးရေလွှမ်းမှုသက်သာစေကာ သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ရေတံခါးနှင့်တွဲလျက်တည်ဆောက်ထားသော တံတားပေါ်မှဖြတ်သန်း၍ အနီးအနားကျေးရွာများသို့သွားရောက်နိုင်မည်ဖြစ်ကြောင်း။

အပြည့်အဝအသုံးချ

မွန်ပြည်နယ်အနေနှင့် မွန်ပြည်နယ်အတွင်းမှာရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝအသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြုပ်နှံပြီး မိမိတို့လက်ဝယ်ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်းလိုကြောင်း။

လေးစားလိုက်နာ

ရေထိန်းတံခါး၊ ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေများကိုလည်း လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်း။

မရမ်းကုန်း ရေထိန်းတံခါးကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး သီးနှံစိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအကျိုးဖြစ်ထွန်းရေးတို့အတွက် မိမိတို့ ပြည်နယ်အတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ မရမ်းကုန်းရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

မရမ်းကုန်းရေထိန်းတံခါး

မရမ်းကုန်းရေထိန်းတံခါးသည် ရေဆင်းဇရိယာ ၂၇ ဒသမ ၅ စတုရန်းမိုင်ရှိသည့် မရမ်းကုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကွန်ကရစ်ရေထုတ်ရေထိန်းတံခါးဖြစ်၍ ရေတံခါး အရွယ်အစားမှာ အကျယ် ၆ပေ၊ အမြင့် ၁၂ပေရှိပြီး ရေတံခါး စုစုပေါင်း ၁၅ ပေါက်ပါရှိ၊ ရေခေါ်မြောင်းမကြီးသည် အရှည်ပေ ၁၀၅၆၀ ရှိပြီးရေထုတ်မြောင်းမကြီးသည် အရှည်ပေ ၇၉၂၀ ရှိ၊ ရေထိန်းတံခါး၏ အကျိုးပြုဧကမှာ ဧက ၁၀၀၀၀ ဖြစ်၏။

ဝမ်းသာပီတိဖြစ်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယနေ့မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဆားချောင်းနှင့် မရမ်းကုန်းချောင်းဝန်းကျင် ရေကြီးကွင်းများကို ရေတော်မိုးတော်စိုက်ပျိုးမြေများအဖြစ် အချိန်မီစိုက်ပျိုးနိုင်စေမည့်အပြင် နွေရာသီတွင် ရေချိုထိန်းသိမ်းပြီး နွေစပါးများ တိုးတက်စိုက်ပျိုးရအောင် မရမ်းကုန်းရေထိန်းတံခါးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံတောင်သူလယ်သမားကြီးများနှင့် မိသားစုများ၏ လူမှုစီးပွားရေး ဘဝ ပိုမိုမြင့်မားတိုးတက်လာစေမည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရအောင် ယခုရေထိန်းတံခါးကြီးက အထောက်အကူပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသနေ ပြည်သူများနှင့် ထပ်တူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားလိုကြောင်း။

ယခုတည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် မရမ်းကုန်းရေထိန်းတံခါးသည် မွန်ပြည်နယ် သထုံမြို့နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးကြသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုတော့မှာ ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာရအောင် တိုင်းပြည်၏ စီးပွားရေး အခြေခံဖြစ်သည့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားစေရန် ယခုမရမ်းကုန်း ရေထိန်းတံခါးသည် ၁၈၆ ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

တိုးတက်စိုက်ပျိုးလာနိုင်

၁၉၈၈ခုနှစ်က သီးနှံစိုက်ဧကသည် ၂၃ဒသမ၈သန်းကျော်ရှိခဲ့ရာက ယခု အချိန်တွင် ဧက ၂၇ သန်းကျော်အထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကာလအတွင်း နိုင်ငံတော်၌ ဆည်ရေသောက်ဧက နှစ်သန်းခြောက်သိန်းခန့် တိုးတက်ခဲ့ပြီး သီးနှံစိုက်စွမ်းအားအနေနှင့် ၁၉၈၈ခုနှစ်တွင် ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိနေခဲ့မှုတွင် ယခု ၁၅၇ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို အစီအစဉ်ရှိရှိနှင့် လက်တွေ့ကျကျ ဆောင်ရွက်ပေးနေမှုနှင့်နည်းတူ တစ်ဖက်ကလည်း သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် အားပေးဆောင်ရွက်နေကြောင်း၊ ဆန်စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံတို့ကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး သတ်မှတ်ထားသည့် အထွက်နှုန်းရရှိရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

ယနေ့အချိန်ကာလတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ စွမ်းအင်ဖူလုံမှုရရှိရေးအတွက် ကြိုးပမ်းနေကြပြီး အစားထိုးလောင်စာများ ထုတ်လုပ်သုံးစွဲနိုင်ရန် အာရုံစိုက်ဆောင်ရွက်နေကြကြောင်း၊ ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြစ်ဆီးရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ ရာသီမရွေး၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန် ကြီး ဌာန ဒုတိယဝန်ကြီး ဦး အုန်း မြင့် မ ရမ်း ကုန်း ရေထိန်းတံခါး ဖွင့်ပွဲ အခမ်း အ နား တွင် အ မှာ စ ကား ပြောကြားစဉ်။ (လယ်/ဆည်)

မြေကောင်းမြေသန့်မရွှေးပေါက်ရောက်နိုင်သည့် သီးနှံဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူကရသည့်အသီးကို တောင်သူများကိုယ်တိုင် အလွယ်တကူဆိတ်နိုင်ပြီး ဒီဇယ်အင်ဂျင်ထဲတွင် တိုက်ရိုက် ထည့်သွင်းမောင်းနှင်နိုင်သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကိုအားပေးလျက်ရှိကြောင်း။

ယခုရေထိန်းတံခါးသည် ကွန်ကရစ်ရေထိန်းတံခါးဖြစ်ပြီး အကျယ် ၆ပေ၊ အမြင့် ၁၂ ပေ အရွယ်အစားရေတံခါးအပေါက်၁၅ ပေါက် ရေတံခါးကြီးဖြစ်ပြီး နိုင်ငံတော်က ကျပ်သန်းပေါင်း ၆၈၀ အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ယင်းရေတံခါးကြီးကြောင့် ဒေသ၏ရေလွှမ်းခံ လယ်မြေဧက ၁၀၀၀၀သည် ရေတော်မိုးတော်အဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး မိုးစပါးစိုက်ပျိုးမှုတွင် ပိုမိုဖြစ်ထွန်းမှုရှိလာတော့မည်ဖြစ်သကဲ့သို့ နွေစပါးနှင့်အခြားသီးနှံများ သီးထပ်စိုက်ပျိုးမှုတွင် အချိန်စောစိုက်ပျိုးမှုနှင့်အတူ သီးနှံစိုက်ပျိုးထွက်ရှိမှု တိုးတက်အောင်မြင်မှုများ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလိုက်သည့် ရေထိန်းတံခါးကြီးကို သားစဉ်မြေးဆက် အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်မှာကြားလိုကြောင်း၊ ရေထိန်းတံခါးကိုအသုံးပြုပြီး မိမိတို့၏စီးပွားရေးပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရင်း နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင်ဖြည့်ဆည်းအထောက်အကူပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သထုံခရိုင် သထုံမြို့နယ် မရမ်းကုန်းကျေးရွာမှ ဦးခွန်မင်းထွေးက မရမ်းကုန်းချောင်းပေါ်တွင် မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက်မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက မရမ်းကုန်းရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

သထုံမြို့နယ်၌ စတုတ္ထမြောက် မရမ်းကုန်းရေထိန်းတံခါးတည်ဆောက်ခဲ့ စိုက်ပျိုးဧက ၁၀၀၀၀ အပြင် မိုးစပါးနှင့်နွေစပါး စိုက်နိုင်တော့မည်

ရန်ကုန် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတများကိုဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့ရာတွင် မွန်ပြည်နယ် သထုံမြို့နယ် ဆားချောင်းနှင့် မရမ်းကုန်းချောင်းဝန်းကျင်ရှိ ရေကြီးကွင်းများတွင် အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးမြေဧက တိုးတက်လာစေရန်အတွက် သထုံမြို့နယ်အတွင်း မရမ်းကုန်းရေထိန်းတံခါးစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်မှစ၍ တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ မေ ၂၇ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပင်လယ်ရေ

သထုံမြို့နယ်မှာ ပင်လယ်ကမ်းခြေနှင့်နီးစပ်လျက်ရှိသည့် အားလျော်စွာ ပင်လယ်ဆားငန်ရေများသည် ချောင်းများ မြောင်းများမှ ဝင်ရောက်လာပြီးနောက် စိုက်ကွင်းများသို့ ဝင်ရောက်ခဲ့သည်။

ကာကွယ်ရန်

ထို့ကြောင့် ရေကြီးကွင်းများ၌ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးမြေဧက တိုးတက်လာစေရန်၊ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိရေးကိုရည်ရွယ်၍ မရမ်းကုန်းရေထိန်းတံခါးကို တည်ဆောက်ခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မရမ်းကုန်းရေထိန်းတံခါး မဖွင့်လှစ်မီ စီမံကိန်းရှိရာ သထုံမြို့သို့ မေ ၁၀ ရက်က သွားရောက်ကြသည်။ သထုံမြို့သည် မွန်ပြည်နယ်မှ ခရိုင်မြို့တစ်မြို့ ဖြစ်ပြီး မွန်ပြည်နယ်၏ သဘာဝရှုမျှော်ခင်းသည် သာယာလှပါသည်။ ရန်ကုန်မြို့တွင် ပူပြင်းသော နွေရာသီ၏အပူရှိန်ကို ခံစားနေရသော သတင်းအဖွဲ့မှာ မြင်မြင်သမျှ စိမ်းလန်းစိုပြည်လျက်ရှိသည်ကို ခံစားကြရသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးတင်ထွန်းက မရမ်းကုန်း ရေထိန်းတံခါးတည်ဆောက်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

သထုံမြို့သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိသွားရာ ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးတင်ထွန်းက လာရောက်ကြိုဆိုခဲ့သည်။

မေ ၁၁ ရက်တွင် ဦးစီးအရာရှိ ဦးတင်ထွန်းနှင့်အတူ မရမ်းကုန်း ရေထိန်းတံခါးစီမံကိန်းသို့ သွားရောက်ကြသည်။ ရန်ကုန်–မော်လမြိုင်ကားလမ်း၊ ကျိုက္ကော်ရွာမှ ကိုးမိုင်ခန့်ဝေးသော သထုံမြို့နယ် မရမ်းကုန်းကျေးရွာအနီးရှိ မရမ်းကုန်းချောင်းရေထိန်းတမံသို့ နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မရမ်းကုန်းရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ၊ တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများနှင့်အတူ ရေထိန်းတံခါးဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖွင့်ပွဲမှခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က မရမ်းကုန်း ရေထိန်းတံခါးတည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် ရေထိန်းတံခါး၏ အကျိုးပြုမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့်ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ရေထိန်းတံခါး၏ အကျိုးပြုဧရိယာနှင့် မိုးစပါးနှင့်နွေစပါး သီးထပ်စိုက်ပျိုးမည့် သီးနှံပုံစံတို့ကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးကာ လိုအပ်ချက်များ ဖြည့်ဆည်းခဲ့သည်။

မရမ်းကုန်းရေထိန်းတံခါး

မရမ်းကုန်းရေထိန်းတံခါးသည် ရေဆင်းဧရိယာ ၂၇ ဒသမ ၅ စတုရန်းမိုင်ရှိသည့် မရမ်းကုန်း ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကွန်ကရစ်ရေထုတ်ရေထိန်း တံခါးဖြစ်သည်။ ရေတံခါး အရွယ်အစားမှာ အကျယ် ၆ပေ၊အမြင့် ၁၂ပေရှိပြီး၊ ရေတံခါးစုစုပေါင်း၁၅ပေါက်ပါရှိသည်။ ရေခေါ်မြောင်းမကြီးသည် အရှည်ပေ ၁၀၅၆၀ ရှိပြီးရေထုတ်မြောင်းမကြီးသည်အရှည်ပေ ၇၉၂၀ ရှိသည်။ ရေထိန်းတံခါး၏ အကျိုးပြုဧကမှာ ဧက ၁၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်း

မရမ်းကုန်းရေထိန်းတမံ ရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးတင်ထွန်းက ပုံစံကားချပ်များနှင့်တကွ ရှင်းလင်းပြောပြသည်။ မရမ်းကုန်းရေထိန်းတံခါးစီမံကိန်း တည်ဆောက်ခြင်း ရည်ရွယ်ချက်မှာ သထုံခရိုင် သထုံမြို့နယ် ဆားချောင်းနှင့် မရမ်းကုန်းချောင်း ပတ်ဝန်းကျင်ရှိ ရေကြီးကွင်းများတွင်–

မိုးရာသီ ဒီရေတက်ချိန်၌ ဒီရေများ ကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန်နှင့် ဒီရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှုသက်သာစေရန်၊

မိုးနှောင်းကာလတွင် မိုးစပါးအောင်ရေဖြည့်ဆည်းပေးနိုင်ရန်၊ နွေရာသီတွင် ရေချိုပိုမိုရရှိစေရန်၊

နွေရာသီတွင်ရေချိုထိန်းသိမ်းနိုင်ရန် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းများအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့်

နွေရာသီတွင် မရမ်းကုန်း ရေထိန်းတံခါးကို ပိတ်၍ ရေလှောင်ပြီး ချောင်းအတွင်း သိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရန်တို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မရမ်းကုန်း ရေထိန်းတံခါးစီမံကိန်းဒေသတွင် ရေဆင်းဧရိယာ ၂၇ ဒသမ ၅ စတုရန်းမိုင်ရှိပြီး ကွန်ကရစ်ရေထုတ်ရေထိန်း တံခါးအမျိုးအစား၊ အလျား ၆ပေ x အမြင့် ၁၂ပေရှိသော တံခါး ၁၅ ပေါက် တပ်ဆင်ထားပြီး ရေထိန်းတံခါး၏ အကျိုးပြုဧကမှာ ၁၀၀၀၀ ဖြစ်သည်။

ဆက်လက်တည်ဆောက်မည်

ဤဒေသတွင် ရေကြီးကွင်းများဖြစ်ပြီး တောင်ကျရေများဆင်းလာရာ ရေများကြောင့် လယ်ကွင်းများ ရေမြုပ်ကြောင်း၊ တပ်မတော်အစိုးရ လက်ထက်တွင် ဇိုက္ကရဲရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါး၊ ရင်းငြိမ်ရေတံခါးများ ဆောက်ခဲ့ကြောင်း၊ အပေါ်ပိုင်းဖြစ်သော ဤနေရာ၌ မရမ်းကုန်း ရေတံခါးတည်ဆောက်ကြောင်း၊ မရမ်းကုန်းရေတံခါးပြီးစီးပါက ဆိပ်ကျွန်းနှင့် နောင်ကုလားရေတံခါးများ ဆက်လက် တည်ဆောက်သွားရန်ရှိကြောင်း။

ဇိုက္ကရဲ၊ ကျုံထော်၊ ရင်းငြိမ်ရေတံခါးများ တည်ဆောက်ပြီးသည့်အတွက် မြစ်များ ချောင်းများသို့ ပင်လယ်ရေငန် မဝင်နိုင်တော့ကြောင်း၊ ယခုတည်ဆောက်နေသော မရမ်းကုန်းချောင်းဒေသတွင်လည်း မြစ်ချောင်းများသို့ ပင်လယ်ရေဝင်ပြီး နုန်းများတင်၍ ချောင်းများကောကုန်ခဲ့ကြောင်း၊ မိုးတွင်းကာလတွင် ရေများလာပြီး ဤနေရာ၌ရှိသော ဂဝံကုန်းကြီးခံနေသဖြင့် ရေပြန်မထွက်ဘဲ ရှိနေကြောင်း၊ ထို့ကြောင်း ဂဝံကုန်းခံနေသော ချောင်းခေါင်းနေရာတွင် ရေတံခါးဆောက်ရန် ရွေးချယ်ခဲ့ကြောင်း၊ ရေတံခါးတည်ဆောက်ရာ၌ အခြားသော ရေတံခါးများနှင့်မတူ ထူးခြားစွာ တည်ဆောက်ခဲ့ရကြောင်း။

နည်းစနစ်

ရေတံခါးတည်ဆောက်နိုင်ရန် ဂဝံကျောက်များကို မိုင်းခွဲထုတ်ရခြင်း၊ မိုင်းခွဲထုတ်ရသော ဂဝံကျောက်များကို စက်ယန္တရားများသုံး၍လည်းကောင်း၊ လူအားသုံး၍လည်းကောင်း တူးဖော်ဆောက်လုပ်ရသဖြင့် မရမ်းကုန်းရေထိန်းတံခါးဆောက်လုပ်ရသောနည်းစနစ်မှာ တစ်မျိုးတစ်ဘာသာဖြစ်ကြောင်း။

ထူးခြားချက်

ရေတံခါးတည်ဆောက်ပြီးစီးပါက ရေငန်များမဝင်နိုင်တော့သဖြင့် ယခင်က ဇူလိုင်လတွင် စိုက်သောစပါးများကို ဇွန်လ မိုးဦးတွင် မိုးစပါးစတင်စိုက်နိုင်တော့မည်ဖြစ်ကြောင်း၊ မိုးကုန်၍ စပါးရာသီ ကုန်သွားလျှင်လည်း ရေတံခါးဖြင့် ရေငန်များမဝင်အောင် တားထားခြင်းကြောင့် မိုးတွင်း၌ ကျန်နေသောရေများဖြင့် ဆောင်းသီးနှံများဖြင့် ငရုတ်၊ ပဲများ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံအပြင် နွေစပါးလည်း စိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း။

မရမ်းကုန်းရေထိန်းတံခါး၏ထူးခြားချက်မှာ အခြား ရေတံခါးများကဲ့သို့ အောက်ခြေရေစိမ့်ယိုခြင်းမဖြစ်ရအောင် စတီးပိုင် ဘယ်ရင်ပိုင်ရိုက်ရန် မလိုကြောင်း၊ မရမ်းကုန်းရေတံခါးတည်နေရာမှာ ဂဝံကြောကြီးဖြစ်သောကြောင့် အောက်ခံမြေသားကို အထူးလုပ်စရာမလိုတော့ဘဲ တည်ဆောက်၍ရကြောင်း၊ ဂဝံကိုမိုင်းခွဲတူးရခြင်း၊ အောက်ဘက်၁၁ပေမှ ခြောက်ပေအထိ ရောက်အောင် မိုင်းခွဲပြီး လိုချင်သောနေရာရောက်မှ ကွန်ကရစ်လောင်းရကြောင်း၊ ဤရေတံခါးမျိုးသည် ပထမဆုံး တည်ဆောက်ရခြင်းဖြစ်ကြောင်းဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကျိုးပြုမည်

မရမ်းကုန်း ရေထိန်းတံခါးကို လေးလအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလွှမ်းကွင်းများအတွင်းရှိ စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် မရမ်းကုန်းချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံများအတွက် ရေချိုပေးသွင်းနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုမည့် စီမံကိန်းအဖြစ်ကွင်းဆင်းလေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကွင်းဆင်းမေးမြန်းရေးသားသူ–ကျော်စိန်
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မွန်ပြည်နယ် မရမ်းကုန်းကျေးရွာအနီး မရမ်းကုန်းချောင်းကိုပိတ်၍ မရမ်းကုန်းရေထိန်းတံခါးကို ဤသို့အချောသတ် တည်ဆောက်ခဲ့ကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် သတင်းဝေဝေဆာဆာဖြင့်ဖြန့်ချိ

ရန်ကုန် မေ ၂၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မူဆယ်ကုန်သွယ်ရေးဇုန်သို့ တင်ပို့သော ရေထွက်ပို့ကုန်များ စာရင်းကိုက်ညီမှုမရှိက သိမ်းဆည်းမည်၊ စင်ကာပူ သူနာပြုတက္ကသိုလ်ဒီပလိုမာ သုံးနှစ်သင်တန်း အခမဲ့တက်ရောက်နိုင်ပြီ၊ မြန်မာ့ဆေးမြစ်များ ဥရောပနိုင်ငံများ အပြင် အခြားပြည်ပနိုင်ငံများကလည်း ဝယ်ယူမှုများလာ၊ မြန်မာ–ဂျပန်ချစ်ကြည်ရေး သွေးဓာတ်ကားကိုရိုက်ကူးခဲ့သူ ဂျပန်လူမျိုး ဒါရိုက်တာ Mr.Koji Chinoနှင့် တွေ့ဆုံခြင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အမြွှာပူးမွေးချင်သလား နို့ထွက်ပစ္စည်းစား၊ ဆက်ဒမ်ဟူစိန်ရေးသည့် ဝတ္ထု ဂျပန်ဈေးကွက်တင်၊ ဗြိတိန်စစ်တမ်းအရ ပြင်သစ်တို့သည် အရိုင်းဆုံး နှင့် ကပ်စေးနဲဆုံး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Houseဖုန်း–၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၅–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ ဒေါက်တာအောင်သော်၏ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေး အန္တရာယ်ဆောင်းပါး၏ စာပိုဒ်၁၄ပါ “Ephedrine” အစား “AMPHETA-MINE” ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (ဆောင်းပါးရှင်)

ပိုးသတ်ဆေးအကြောင်း သိကောင်းစရာ (၂)

ကိုရဲ (စိုက်ပျိုးရေး)

ပိုးသတ်ဆေးကို ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍနှစ်ခုတွင် အသုံးပြုလျက်ရှိကြသည်။ ကျန်းမာရေးတွင် ကူးစက်ရောဂါ ဆောင်ယူသည့် ခြင်၊ယင်စသည်တို့ နှိမ်နင်းရန်သုံးသည်။ ကျန်းမာရေးအတွက် အသုံးပြုသော ပိုးသတ်ဆေးများကို ကုမ္ပဏီများက ရေရှည်ခံအောင်ထုတ်လုပ်ကြသည်။ ဥပမာ-ငှက်ဖျားရောဂါအတွက် ခြင်ဆေးဖျန်းရာတွင် တာရှည်ခံသော ပိုးသတ်ဆေးဖြစ်မှ ထိရောက်မှုရှိပြီး စီးပွားရေးအရလည်းတွက်ခြေကိုက်မည်။ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများသည် ဓာတ်ပြိုကွဲမှုလျင်မြန်သော ဆေးများဖြစ်ကြသည်။ ကြာရှည်ခံပါက စီးပွားရေးအရ တွက်ချေကိုက်မည် ဖြစ်သော်လည်း ဓာတ်ကြွင်းအန္တရာယ်ကြောင့် သက်ရှိများနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်ပိုမိုများပြားနိုင်သည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများကို ထုတ်လုပ်စဉ်ကပင် ကြာရှည်မခံအောင်နှင့် ပတ်ဝန်းကျင် အန္တရာယ်နည်းပါးအောင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထုတ်လုပ်ကြရသည်။ ဤသည်မှာ ကျန်းမာရေးအတွက်နှင့် စိုက်ပျိုးစားသုံးမှုအတွက်ထုတ်လုပ်သော ပိုးသတ်ဆေးတို့၏ အဓိကခြားနားချက်ဖြစ်သည်။

မည်သည့်ပိုးသတ်ဆေးမဆို အသုံးပြုရန်အညွှန်းပါရှိသည်။ အသုံးမပြုမီ အညွှန်းကိုဖတ်ရသည်။ အညွှန်းတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာကျင့်သုံးရသည်။ ရိတ်သိမ်းဆွတ်ခူးရမည့်အချိန်နှင့် နောက်ဆုံးဆေးဖျန်းရမည့်အချိန် ညွှန်ကြားချက်ကို စိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျလိုက်နာပါက စားသုံးသီးနှံတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု မရှိနိုင်ပေ။

ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်သောသီးနှံကို စားသုံးခြင်းဖြင့် ရုတ်တရက် သေဆုံးနိုင်မည်မဟုတ်သော်လည်း ခန္ဓာကိုယ်အတွင်း တစ်စတစ်စ ဓာတ်ကြွင်းများပြားလာရာမှ ဦးနှောက်နှင့်အာရုံကြော၊ အသည်း၊ မျိုးပွားမှုအင်္ဂါအဖွဲ့အစည်း၊ သန္ဓေသားနှင့်အရေပြားရောဂါ၊ ကင်ဆာတို့ဖြစ်နိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ကျွမ်းကျင်ပညာရှင်များ သတ်မှတ်ထားသော ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏထက် ပိုမို၍ပါဝင်နိုင်သော အကြောင်းရင်းများကို သုံးသပ်ရာတွင် အောက်ပါအချက်များအား ဂရုပြုရန် လိုအပ်ကြောင်း တွေ့ရှိရသည်-

- ကျရောက်သော ဖျက်ပိုးအပေါ် အသုံးပြုရန် ထိရောက်မှုရှိသည့် ပိုးသတ်ဆေးရွေးချယ်ရာတွင် မမှန်ကန်ခြင်း၊
- ပိုးသတ်ဆေး နှုန်းထားကို လိုအပ်သည်ထက် ပိုမိုသုံးခြင်း၊
- မလိုအပ်ဘဲ ပိုးသတ်ဆေးသုံးခြင်း၊
- နောက်ဆုံးဆေးဖျန်းသည့်အချိန်နှင့် ရိတ်သိမ်းဆွတ်ခူးချိန် ကြားကာလတိုတောင်းခြင်း၊
- အသုံးပြုသော ဆေးဖျန်းပုံး၊ ဆေးဖျန်းပိုက်၊ နော်ဇယ်ခေါင်းများ ယိုယွင်းပျက်စီး၍ ဆေးများလိုသည်ထက် ပိုမိုထွက်ခြင်း၊
- စံချိန်စံညွှန်းမကိုက်သည့် ပိုးသတ်ဆေးသုံးခြင်း၊
- အသုံးမပြုမီ အညွှန်းစာကို သေချာစွာ မဖတ်ရှု၍ ဆေးဖျော်ရည်ရောစပ်မှု စနစ်မမှန်ကန်ခြင်း၊
- မိမိစိုက်ခင်းဆေးဖျန်းစဉ် စနစ်မကျမှုကြောင့် အခြားစိုက်ခင်း၊ စိုက်ကွင်းများသို့ ဆေးမှုန့် ဆေးစက်များ လွင့်ပါကျရောက်ခြင်း၊
- အသုံးပြုပြီးပိုလျှံသည့် ဆေးရည်၊ ဆေးပုံး၊ ဆေးပုလင်းများကို စနစ်တကျ မစွန့်ပစ်ခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအန္တရာယ် ကင်းရှင်းရေးအတွက် အဆိပ်ပြင်းထန်မှုနည်းသော ပိုးသတ်ဆေးများကိုသာ မှတ်ပုံတင် တင်သွင်းရောင်းချသုံးစွဲခွင့်ပြုပါသည်။ ပိုးသတ်ဆေးများ၏ အဆိပ်ပြင်းထန်မှုအပေါ်အခြေခံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတန်းအစား လေးမျိုးခွဲခြားထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိပ်ပြင်းထန်သော ပိုးသတ်ဆေးများကို သုံးစွဲခွင့်မပြုပေ။

ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင်၊ သက်ရှိမျိုးနွယ်များ အန္တရာယ်မဖြစ်အောင် အဆိပ်ပြင်းသော ပိုးသတ်ဆေးများကို ကမ္ဘာမြေမှ အပြီးအပိုင်ဖယ်ရှားပစ်ရန် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် အပြည်ပြည်ဆိုင်ရာ ညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံမှ ဓာတုဗေဒပစ္စည်း၁၂မျိုးကို ကမ္ဘာမြေပေါ်တွင် ထုတ်လုပ်အသုံးမပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ဓာတုဗေဒပစ္စည်း၁၂မျိုးတွင် ကိုးမျိုးသည် ပိုးသတ်ဆေးများဖြစ်သည်။ ကျန်သုံးမျိုးသည် စက်ရုံသုံး ဓာတုပစ္စည်းများဖြစ်သည်။

တောင်သူအများစုသိကြသည့် အင်ဒရင်း၊ အော်ဒရင်း၊ ဒယ်လ်ရင်း၊ ဒီဒီတီစသည့် ပိုးသတ်ဆေးလေးမျိုးကို ယခင်က မြန်မာနိုင်ငံတွင် အသုံးပြုခဲ့ကြသည်။ ၁၉၉၄ခုနှစ်နောက်ပိုင်း ကျန်းမာရေးဌာနမှ ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ဒီဒီတီကို ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုအောက်တွင် ခြွင်းချက်ဖြင့် သုံးခွင့်ပြုခဲ့သည်။ ကျန်ရှိသည့် ဆေးသုံးမျိုးမှာ စိုက်ပျိုးရေးလုပ်ငန်းသုံးအဖြစ်မှ အပြီးတိုင် ပိတ်ပင်ခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ၁၉၈၀ ပြည့်နှစ်တွင် ဓာတုပစ္စည်းတင်ပို့သုံးစွဲခြင်းနှင့် ပတ်သက်၍ သတင်းဖလှယ်ရေး အစီအစဉ်ကို အစပျိုးခဲ့သည်။ ၁၉၈၅ခုနှစ်တွင် နိုင်ငံတကာလိုက်နာရမည့် ကျင့်ဝတ်များပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူအတွက် အန္တရာယ်ပေးနိုင်သော ပိုးသတ်ဆေးများကို ဥပဒေဖြင့် ပိတ်ပင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လက်ရှိအသုံးပြုနေသော ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုပါက ပတ်ဝန်းကျင်နှင့် လူ၊ တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မည်သည့်ပိုးသတ်ဆေးမဆို အသုံးပြုရန် အညွှန်းပါရှိသည်။ အသုံးမပြုမီ အညွှန်းကို ဖတ်ရသည်။ အညွှန်းတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာကျင့်သုံးရသည်။ ရိတ်သိမ်းဆွတ်ခူးရမည့်အချိန်နှင့် နောက်ဆုံး ဆေးဖျန်းရမည့်အချိန် ညွှန်ကြားချက်ကို စိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျလိုက်နာပါက စားသုံးသီးနှံတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုမရှိနိုင်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ပဲခူးတိုင်း ရဲနွယ်နှင့်ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး နှစ်စဉ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်းနှင့်၂၆၂သန်းထုတ်လုပ်နိုင်

ရန်ကုန် မေ ၂၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၅ရက်က ပဲခူးတိုင်းကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနောက်ဘက်၂ဒသမ၅မိုင်ခန့်အကွာ ရဲနွယ်ချောင်း၏ လက်ယာဘက်ကမ်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးညွှန်ကြားရေးမှူးဦးမော်သာထွေးနှင့် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေယူအဆောက်အအုံနှင့် ရေထိန်း တံခါးထိန်းချုပ်ခန်း၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် စက်ရုံအတွင်း တာဘိုင်များတပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားထိန်းချုပ်ခန်းနှင့် စက်ခလုတ်များ တပ်ဆင်ပြီးစီးမှု၊ ရေယူဥမင်လိုဏ်(အထွက်)တူးဖော်ခြင်းလုပ်ငန်းနှင့် ပင်မရေလှောင်တမံလုပ်ငန်းတို့ကို အသေးစိတ်လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြီးစီးပါက စက်ရုံတွင် ၁၂ဒသမ၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း၂၅မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်းကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ဖြည့်စွက်ဆွေးနွေးတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါး ကျေးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းသုံး ပစ္စည်းရရှိမှု၊ သယ်ယူမှုနှင့်နှစ်အလိုက်လုပ်ငန်းလျာထားသတ်မှတ်ထားမှု စသည်တို့ကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်း၏ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းတို့တွင် ပင်မတမံကျောက်သား မြေဖို့ခြင်းလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းတစ်လျှောက်မြေကြီးနှင့် ကျောက်သားတူးဖော် ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် လုပ်ငန်းစတင် ဆောင်ရွက်နေခြင်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖြန့်ဖြူးနိုင်

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ရွှေကျင်ချောင်းပေါ်၌ ရေလှောင်တမံတည်ဆောက်၍ ၁၈ဒသမ၇၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက် လေးလုံးစုစုပေါင်း ၇၅မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း၂၆၂သန်းခန့် ထုတ်လုပ် ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်း လုပ်ငန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှိုင်သာယာရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးမှုလေ့ကျင့်ရေး ဌာနသို့ရောက်ရှိပြီး သင်တန်းကျောင်းရှိ စာသင်ခန်း၊ စာကြည့်တိုက်နှင့်သရုပ်ပြခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားသင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက်ဝန်ကြီးသည် သင်တန်းကျောင်းရှိ ထမင်းစားခန်း၊ အိပ်ဆောင်နှင့် အားကစားကွင်းတို့ကို လှည့်လှည့်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက် ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် အမှတ် ၃၆၅၊ ကူးတို့ဆိပ်လမ်းအထက်ပု ဇွန် တောင်မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကွယ်လွန်သူ ဦးမောင်ကြီးနှင့်သား မောင်ဝင်းထွန်း တို့အား ရည်စူး၍ ဒေါ်စန်းမိသားစုတို့က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွင်းလယ်ဒိုင်လူကြီးများအဖြစ် သူတို့ကြီးကြပ်ကြမည်

ကမ္ဘာ့ဖလား သတင်းဂယက်

ပြုစုရေးသားသူ မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၈

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့်အသင်းများကို ကမ္ဘာ့ဖလားဘောလုံးပရိသတ်ကြီး နားစွင့်လျက်ရှိရာ ၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘောလုံးပွဲများကို ကြီးကြပ်မည့် ကွင်းလယ်ဒိုင်လူကြီးများအကြောင်းကို အင်တာနက်သတင်းမှ ရယူ ဖော်ပြလိုက်ပါသည်။

ရွေးချယ်

၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘောလုံးပွဲစဉ်ပေါင်း (၆၄)ပွဲ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ လာမည့် ဇွန်၉ ရက်မှ စတင်ကာ ဇူလိုင် ၉ရက် နောက်ဆုံးဗိုလ်လုပွဲအထိ ကျင်းပမည့် ဘောလုံးပွဲစဉ် (၆၄)ပွဲအတွက်ကြီးကြပ်မည့် ကွင်းလယ်ဒိုင်လူကြီးများကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ရွေးချယ်လိုက်ပြီဖြစ်သည်။

ရွေးချယ်ပေး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကွင်းလယ်ဒိုင်လူကြီး ၄၆ ဦးအနက် ယခု ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပွဲစဉ် (၆၄)ပွဲကို ကြီးကြပ်မည့် ကွင်းလယ်ဒိုင်လူကြီး ၂၃ဦးကို ရွေးချယ်လိုက်ပြီး ၎င်းတို့နှင့်အတူ အကူဒိုင်လူကြီးနှစ်ဦးစီကိုပါ ရွေးချယ်ပေးထားသည်။

ဖီဖာ၏ပြောကြားချက်အရ ယခု ရွေးချယ်ပေးထားသော ဒိုင်လူကြီးများမှာ ဖီဖာ၏ အရည်အချင်း အပြည့်အဝဆုံး ကွင်းလယ်ဒိုင်လူကြီးများပင် ဖြစ်ကြောင်း ပြောကြားသည်။ ထိုဒိုင်လူကြီး ၂၃ဦးအနက် အကြောင်းကြောင်းကြောင့် ဒိုင်လူကြီးတစ်ဦးဦး တာဝန်မထမ်းဆောင်နိုင်ခဲ့လျှင် အမြန်အစားထိုးတာဝန်ယူမည့် အရန်ကွင်းလယ်ဒိုင်လူကြီးခုနစ်ဦးကိုလည်း အဆင်သင့်ရွေးချယ်ထားကြောင်း သတင်းထုတ်ပြန်ထားသည်။ ထို့ကြောင့် ဖီဖာက ရွေးချယ်ထားသော ကွင်းလယ်ဒိုင်လူကြီး ၂၃ဦးအနက် အချို့ကို တင်ပြမည်ဖြစ်သည်။

မက်စီမိုဒီဆန်တစ်

ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါဝင်ကြီးကြပ်ကွပ်ကဲမည့် အီတလီ ကွင်းလယ်ဒိုင်လူကြီး မက်စီမိုဒီဆန်တစ်။

(ဓာတ်ပုံ-အင်တာနက်)

ဖရန့်ဒီဘာလီကီရီ

ဘယ်လ်ဂျီယံ နိုင်ငံသားဖြစ်ပြီး ဖီဖာ၏ဒိုင်လူကြီး ၄၆ဦးအနက် အရည်အချင်း ပြည့်ဝသူတစ်ဦး ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံလက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ခဲ့ပြီး လက်ရှိ ဖီဖာ ကွင်းလယ်ဒိုင်လူကြီးများအနက်အသက်အငယ်ဆုံးဖြစ်သည်။

လက်မနေး

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်အချို့၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါဝင် ထမ်းဆောင်ခဲ့ဖူးပြီး ပြတ်သားသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သူလည်း ဖြစ်သည်။ ဖီဖာ ဒိုင်လူကြီးများတွင် ပြစ်ဒဏ်ပေးရန် လက်မနေးသူတစ်ဦး ဖြစ်သော်လည်း အနီကတ်ကို ယခုအချိန်အထိ မထုတ်သုံးဖူးသေးသော ဒိုင်လူကြီးတစ်ဦးဖြစ်သည်။

ဘောလုံးပွဲစဉ်များအတွင်း အားကစားသမားနှင့် တန်းတူ လိုက်ပါပြေးလွှားနိုင်ပြီး ဘောလုံးပွဲစဉ် တစ်ခုလုံးကို နိုင်နိုင်နင်းနင်း စီမံကွပ်ကဲနိုင်သူလည်း ဖြစ်သည်။ လက်ရှိအချိန်တွင် နေ့စဉ် ဘောလုံးအားကစားနှင့် အပြေးနှစ်မျိုးစလုံး လေ့ကျင့်နေတတ်သူ ဖြစ်ရာ မြန်နှုန်းမြင့်လာသော ယနေ့ခေတ် ဘောလုံးကစားနည်းနှင့် ဘောလုံးသမားများနှင့်တန်းတူ အံဝင်ခွင်ကျဖြစ်သူ ကွင်းလယ်ဒိုင်လူကြီးတစ်ဦးဖြစ်သည်။



ဂရေဟမ်ပိုးလ်

ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန် ထမ်းဆောင်မည့် အင်္ဂလန် ဒိုင်လူကြီး ဂရေဟမ်ပိုးလ်(ဝဲ)။

(ဓာတ်ပုံ-အင်တာနက်)

ဂရေဟမ်ပိုးလ်

အင်္ဂလန်နိုင်ငံသား ကွင်းလယ်ဒိုင်လူကြီးဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သူတစ်ဦးဖြစ်ပြီး ဘောလုံးပွဲစဉ်တစ်ခုကို ပြစ်ဒဏ်ပေးရင်း စီမံကွပ်ကဲတတ်သူဖြစ်သည်။ သို့သော် ပြစ်ဒဏ်တစ်ခုပေးတိုင်း အကူဒိုင်နှစ်ဦး၏အကြံဉာဏ်ကို ရယူတတ်သူဖြစ်ရာ ပြစ်ဒဏ်ပေးတိုင်း အများအယွင်းနည်းသူဖြစ်သည်။

ဘောလုံးသမားများအဖို့ တော်ရုံထိခိုက်မိသည်ကိုပင် ပြစ်ဒဏ်ပေးတတ်သူဖြစ်ရာ ဂရေဟမ်ပိုးလ် တာဝန်ယူရသည့် ပွဲစဉ်များ၌ ဘောလုံးသမားတိုင်း သတိထား ကစားကြရသည်။ အဝါ၊ အနီကတ်များကို လိုင်လိုင်သုံးတတ်သူဖြစ်ရာ အချို့ပွဲစဉ်များ၌ နှစ်နီ၊ ငါးဝါအထိ ပေးတတ်သူလည်းဖြစ်သည်။

သို့သော် ပြီးခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များ၌မူ ဂရေဟမ်ပိုးလ် အနီကတ် ထုတ်မသုံးခဲ့ဘဲ အဝါကတ်ကိုသာ အမြင့်ဆုံးထားအသုံးပြုခဲ့သည်။ ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များ၌ ဒိုင်လူကြီးအဖြစ် ပါဝင် ထမ်းဆောင်ရမှုနှင့်ပတ်သက်၍ "အခြား ကွင်းလယ်ဒိုင်လူကြီးတွေလိုပဲ အကောင်းဆုံးတာဝန်ထမ်းဆောင်သွားမှာပါ။ ကမ္ဘာ့ဖလားပွဲဆိုတော့ ဆုံးဖြတ်ချက် မမှားအောင် ဂရုစိုက်မှာ ဖြစ်ပါတယ်"ဟု ပြောကြားထားသည်။

ဟာဘတ်ဖန်ဒယ်

ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ပွဲစဉ်အချို့တွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါဝင်ကြီးကြပ်ကွပ်ကဲမည့် ဂျာမနီနိုင်ငံသား ဟာဘတ်ဖန်ဒယ်။

(ဓာတ်ပုံ-အင်တာနက်)

ဟာဘတ်ဖန်ဒယ်

ဂျာမနီနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီးဖြစ်ပြီး ဘောလုံးသမားများ၏ ခင်မင် လေးစားမှုကိုခံရသူ ဒိုင်လူကြီးတစ်ဦးဖြစ်သည်။ ဘောလုံးပွဲစဉ်တစ်ခုအတွင်း အပြစ်ပေးရန် ဝန်လေးတတ်သူဖြစ်ပြီး သတိပေးမှုဖြင့်သာ အများကို ပြင်ခိုင်းတတ်သူဖြစ်သည်။

အဝါကတ်ပြတတ်

အမြဲတမ်းပြုံးရွှင်နေတတ်သူဖြစ်ပြီး ဘောလုံးသမားတစ်ဦးအား ပြစ်ဒဏ်ပေးရာတွင် အပြုံးဖြင့် သေသေချာချာ ရှင်းပြပြီးမှ ပြစ်ဒဏ် ပေးတတ်သူဖြစ်သည်။ ဘောလုံးပွဲစဉ်တိုင်း အနီကတ်ကို မသုံးသလောက် ရှားပါးလှပြီး လွန်ကဲသည့် ကြမ်းတမ်းသော ကစားသမားမျိုးကို အဝါကတ်ပြတတ်သူဖြစ်သည်။

သို့သော် ဘောလုံးပွဲစဉ်တိုင်းလိုလို အမှားအယွင်း ကင်းအောင် ဆုံးဖြတ်တတ်သူဖြစ်ရာ ဂျာမနီကမ္ဘာ့ဖလားပွဲစဉ်များ၌ မည်သို့ကိုင်တွယ်ဆောင်ရွက်သွားမည်ကို ကြည့်ရှုရမည်ဖြစ်သည်။

မက်စီမိုဒီဆန်တစ်

အီတလီနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီးတစ်ဦးဖြစ်သည်။ ဘောလုံးပွဲစဉ်ပေါင်းများစွာ ကိုင်တွယ်ကြီးကြပ်ခဲ့သူဖြစ်ပြီး တော်ရုံပြစ်ဒဏ်များကို ခွင့်လွှတ်တတ်သူဖြစ်သည်။ သို့ရာတွင် စည်းကမ်း စနစ်ကျသူဖြစ်ရာ ဘေးထွက်လက်ပစ်ဘော မြောက်သည်ကအစ နည်းစနစ်မမှန်လျှင် ခွင့်မပြုတတ်သူဖြစ်သည်။

မက်စီမိုဒီဆန်တစ်သည် ကျန်းမာကြံ့ခိုင်သူတစ်ဦးဖြစ်ပြီး ဘောလုံးသမားများနည်းတူ ပွဲစဉ်တစ်ခုလုံးကို အချိန်ပြည့် သွက်လက်စွာ ကြီးကြပ်ကွပ်ကဲနိုင်သူလည်းဖြစ်သည်။

ထို့အပြင် ပြစ်ဒဏ်တည်ကန်ဘောများ နေရာတိကျမှုကို အတတ်နိုင်ဆုံး နီးစပ်အောင် ဆောင်ရွက်ပေးနိုင်သူဖြစ်ရာ မျက်နှာထားချိုသော်လည်း စည်းကမ်းကောင်းသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် မက်စီမိုဒီဆန်တစ်၏ ကမ္ဘာ့ဖလားပွဲစဉ်များ၌ ကြီးကြပ်မှုကို မြင်တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ကွင်းလယ်ဒိုင်လူကြီးများ အသုံးပြုမည့်နာရီ။

(ဓာတ်ပုံ-အင်တာနက်)

ဒိုင်လူကြီးများ၏နာရီ

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးများအဖြစ် ကြီးကြပ်ဆောင်ရွက်မည့် ဒိုင်များအတွက် အသုံးပြုရန်နာရီကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ရွေးချယ် သတ်မှတ်ပေးထားသည်။

ကက်စီယိုမှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒိုင်လူကြီးများအတွက် သီးသန့်ထုတ်လုပ် ပေးထားသော နာရီဖြစ်သည်။ ၎င်းနာရီတွင် အကြိမ်ကြိမ်မှတ်သားနိုင်သော ကိရိယာ ပါရှိပြီး အချိန်အမှတ်အသားကို ပုံရိပ်အကြီးပြသနိုင်အောင်လည်း ပြုလုပ်နိုင်သည်။ အချို့အမှားများကို အသံဖြင့် အချက်ပေးမှု လက်ခံနိုင်ပြီး အချိန်သတ်မှတ်မှုကို အဆင့်နှစ်ခုဖြင့် တစ်ပြိုင်တည်း ပြုလုပ်နိုင်သည်။ ရေအနက် မီတာ ၅၀ အထိ ခံနိုင်ရည်ရှိသော နာရီဖြစ်ပြီး ကမ္ဘာ့စံတော်ချိန်အားလုံးပါရှိသည်။

ထိုသို့သော စွယ်စုံနီးပါး သုံး၍ရသည့် နာရီများကို အသုံးပြုကာ ပွဲကစားချိန် တိကျ မှန်ကန်အောင် ကွင်းလယ်ဒိုင်လူကြီးများက ကြိုးစားတာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ပယ်နယ်တီကြောင့် နာကျင်ခံစားမှုအဆုံးသတ်ရန် အင်္ဂလန်အသင်း အပြင်းအထန်လေ့ကျင့်

စုစည်းတင်ပြသူ-မြင့်မောင်စိုး

လန်ဒန် မေ ၂၈

ကမ္ဘာ့ဖလားယှဉ်ပြိုင်မည့်အင်္ဂလန်ဘောလုံးအသင်းသည် ပယ်နယ်တီလွဲချော်မှုကြောင့် ပြိုင်ပွဲမှထွက်ရသည့်အဖြစ်မျိုးမှ အဆုံးသတ်ရန် မျှော်လင့်ထားသည်။

အင်္ဂလန်ဘောလုံးသမားများသည် ပယ်နယ်တီကန်သွင်းမှု ပြင်ဆင်လေ့ကျင့်မှုတစ်ခုကို ပြုလုပ်လျက်ရှိသည်။

ဝက်စ်ဖို့ဒ်၌ အင်္ဂလန်အသင်းလေ့ကျင့်ရာတွင် သီယိုဝေါလ်တာကော့တ်(ယာ)နှင့်နောက်တန်းလူဖာဒီနန်တို့ ဤသို့အကြိတ်အနယ်။

(ဓာတ်ပုံ-အင်တာနက်)

ပြိုင်ပွဲမှထွက်ခဲ့ရ

အင်္ဂလန် ဘောလုံးအသင်းသည် ပယ်နယ်တီ လွဲချော်မှုကြောင့် ၁၉၉၀ ပြည့်နှစ်ကမ္ဘာ့ဖလားတွင်လည်းကောင်း၊ ၁၉၉၈ ကမ္ဘာ့ဖလားတွင်လည်းကောင်း၊ ယူရို ၉၆နှင့် ယူရို ၂၀၀၄ တို့တွင်လည်းကောင်း ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ပယ်နယ်တီလွဲချော်မှုသည် အကြီးမားဆုံး ဆုံးရှုံးမှုပင်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား လန်းပတ်က ပြောကြားသည်။ယူရို၂၀၀၄ပွဲစဉ်ကအင်္ဂလန်အသင်း ပယ်နယ်တီကြောင့် ထွက်ခဲ့ရာတွင် ဂိုးသမား ဒေးဗစ်ဂျိမ်းစ်သည်လည်း တစ်ဂိုးမျှကာကွယ်မပေးနိုင်၍ အပြစ်တင်ခံရာတွင် ပါဝင်ခဲ့သည်။

အဆုံးအဖြတ်ပွဲများ

အင်္ဂလန်အသင်းသည် ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂိုနှင့် ဆွီဒင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် အုပ်စုပွဲများပြီးလျှင် ပွဲကျပ်များကို ရင်ဆိုင်ရကာ နောက်ဆုံးပယ်နယ်တီ အဆုံးအဖြတ်ပွဲများနှင့် ကြုံတွေ့ဖွယ်ရှိသည်။

မိမိတို့ ပယ်နယ်တီကို အပြင်းအထန် လေ့ကျင့်မထားလျှင် ထည့်သွင်း စဉ်းစားနိုင်လိမ့်မည်မဟုတ်ဟု ပေါ်တူဂီရှိ လေ့ကျင့်ရေးကွင်းမှ ဝါရင့်နောက်တန်းကစားသမား ဂယ်ရီနဗီးက ပြောကြားသည်။

မိမိတို့အသင်းသည် ဘာဖြစ်လိမ့်မည်ကိုလည်းသိကြောင်း၊ ဘာဖြစ်နိုင်သည်ကိုလည်းသိကြောင်း ၎င်းကပြောကြားသည်။

တိုက်စစ်မှူးများသည် အောက်ဆိုက်ဘောနည်းအောင် လေ့ကျင့်ရသကဲ့သို့ပယ်နယ်တီဖမ်းမည့် ဂိုးသမားများ၊ပယ်နယ်တီသွင်းမည့်ကစားသမားများအထူးလေ့ကျင့်ထားရန်လိုကြောင်း ၎င်းကပြောသည်။ **(ဗန်ကောက်စ်ပို့စ်)**

ကမ္ဘာ့ဖလားဒုတိယအဆင့်နှင့် လွဲပွယ်ရှိသော အောက်ဆုံး၁၆သင်း

အုပ်စု (က)ကိုစတာရီကာနှင့်အီကွေဒေါ၊ အုပ်စု(ခ)ပါရာဂွေး၊ ထရီနီဒက်နှင့်တိုဘာဂို၊ အုပ်စု(ဂ) နယ်သာလန်နှင့်အိုင်ဗရီကို့စ်၊ အုပ်စု(ဃ)အင်ဂိုလာနှင့်အီရန်၊ အုပ်စု(င) အမေရိကန်နှင့်ဂါနာ၊ အုပ်စု(စ) ဩစတြေးလျနှင့်ဂျပန်၊ အုပ်စု(ဆ) တိုဂိုနှင့်တောင်ကိုရီးယား၊ အုပ်စု (ဇ) ဆော်ဒီအာရေဗျနှင့်တူနီရှားအသင်းများ ဖြစ်ကြသည်။ **(စထရိတ်တိုင်းစ်)**

ချက်တိုက်စစ်မှူး ရီဆစ်စကီး အာဆင်နယ်သို့ ရောက်လာမည်

အင်္ဂလန် မေ ၂၈

ချက်တိုက်စစ်မှူး ရီဆစ်စကီးသည် ဒေါ့မွန်အသင်းမှ အင်္ဂလန် အာဆင်နယ်သို့ ပြောင်းရွှေ့လာပြီ ဖြစ်ကြောင်း အာဆင်နယ်က ပြောကြားသည်။

သို့သော်လည်း စာချုပ်စာတမ်းနှင့်ပြောင်းရွှေ့ကြေးကိုပြော ကြားခြင်းမရှိပေ။ ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက် အာဆင်နယ်က လာမည့်ကမ္ဘာ့ဖလား အကြိုအဖြစ် အသက် ၂၅နှစ်အရွယ်ရှိ ရီဆစ်စကီးအား ပေါင် ၇သန်းပေးမည်ဟု ပြောကြားထားခဲ့သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက သောမတ်စ်ရီဆစ်စကီး မိမိအသင်း ရောက်ရှိလာခြင်းကို ကြိုဆိုကြောင်း၊ ၎င်းသည် အရည်အသွေး ပြည့်ဝသည့် ဘောလုံးသမားဖြစ်ကြောင်း ပြောကြားလိုက်သည်။

သောမတ်စ်သည် ကလပ်နှင့်နိုင်ငံကိုယ်စားပြုအဆင့်အားလုံးတွင်အတွေ့အကြုံရင့်ကျက်သူဖြစ်ပြီး ကမ္ဘာ့ဖလားပြီးလျှင် အာဆင်နယ်သို့လာမည်ကို ကြိုဆိုကြောင်းပြောကြားသည်။

မိမိသည်အာဆင်နယ်သို့ ရောက်လာမည်ဖြစ်၍ အမှန်တကယ် ပျော်ရွှင်မိကြောင်း၊မိမိအတွက် အပျော်ဆုံးနေ့ဖြစ်ကြောင်း ရီဆစ်စကီးက ပြောကြားသည်။ အာဆင်နယ်အသင်းသည် လူငယ် အားကစားသမားများနှင့်အတူ ချန်ပီယံလိဂ်တွင် အလားလာများစွာရှိကြောင်း၊ လာမည့်ရာသီတွင် ယခုထက် ပိုကောင်းလာနိုင်ကြောင်း၊ ဥရောပတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရီဆစ်စကီးသည် ၂၀၀၁ခုနှစ် စပါတာပရက်စ်မှ ဒေါ့မွန်သို့ ပေါင် ၁၂ ဒသမ ၇ သန်းဖြင့် ပြောင်းလာပြီး ၂၀၀၂ခုနှစ်တွင် ပြည်တွင်း ဖလားကို ရယူပေးခဲ့သည်။

နေရှင်း။

ရီဆစ်စကီး

ကမ္ဘာ့ဖလားပွဲပြီးလျှင် နစ္စတယ်ရွိုင်းဘယ်သွားမလဲ

လော်ဆန်နီ(ဆွစ်ဇာလန်) မေ ၂၈

နစ္စတယ်ရွိုင်း

ဒတ်ချ်တိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်းက မန်နေဂျာ အလက်ဇ်ဖာဂူဆန်နှင့် အဆင်မပြေဖြစ်ခဲ့ပြီးနောက် အင်္ဂလန်ပရီမီယာရှစ် မန်ယူမှ ထွက်ခွာခြင်းသာလျှင် ပိုကောင်းလိမ့်မည်ဖြစ်ကြောင်း မေ၂၄ရက်၌ ပြောကြားလိုက်သည်။

အသက် ၂၉နှစ်အရွယ်ရှိ တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် လွန်ခဲ့သောငါးနှစ်က ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းမှ ပေါင် ၁၉သန်းဖြင့် ပြောင်းရွှေ့လာပြီးနောက် ပွဲပေါင်း ၂၀၀ ပါဝင်ကစားခဲ့ရာ ဂိုး ၁၅၀ သွင်းပေးနိုင် ခဲ့သူဖြစ်သည်။

၎င်းသည် ယခုနှစ်ရာသီကုန် နောက်ဆုံးပွဲမတိုင်မီက ဖာဂူဆန်နှင့် လေ့ကျင့်ရေးကွင်း၌ စကားများခဲ့ကြပြီးနောက် ဒတ်ချ်သို့ပြန်လာခဲ့သည်။

ထိုအတောအတွင်း နစ္စတယ်ရွိုင်းက မိမိသည် ကမ္ဘာ့ဖလားပြီးသည့်တိုင်အောင် မိမိ၏အနာဂတ်အတွက် ဆုံးဖြတ်ချက်ချသေးမည်မဟုတ်ကြောင်း ပြောကြားသည်။

မိမိသည် မန်ယူမှာဆက်နေမှာလား၊ ထွက်ခွာမှာလားဆိုရာတွင် နှစ်ခုလုံးဖြစ်နိုင်ကြောင်း၊ သို့ရာတွင် ထွက်ခွာခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ဒတ်ချ်လေ့ကျင့်ရေး အားကစားကွင်း၌ နစ္စတယ်ရွိုင်းက ပြောဆိုသည်။ **(အေပီ)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဆန်စက်မှရေဆိုးများ စနစ်တကျစွန့်ပစ်စေချင်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ပေကုန်းကျေးရွာတွင် စပါးခွဲသုံး ဆန်စက်တစ်လုံး ရှိပါသည်။

အဆိုပါ ဆန်စက်မှ စွန့်ပစ်ရေပုပ်ရေဆိုးများကြောင့် အနီးရှိ ရေတွင်းမှာ ပျက်စီးသွားသည့်အပြင် ထွက်ပေါ်လာသော အနံ့များကြောင့်လည်း ရပ်ကွက်နေ ပြည်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ဆန်စက်မှ ရေဆိုးများ စနစ်တကျ စွန့်ပစ်ရေးကို သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပေကုန်းသား

အမှိုက်ပုံကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် (ဇ) ရပ်ကွက် ဥဒ္ဒေနာ၅လမ်းနှင့်၆လမ်းကြား တွင် အမှိုက်ပုံကြီး မသိမ်းသည်မှာ ကြာပြီဖြစ်ပါသည်။ **(အောက်ပုံ)**

အမှိုက်ပုံမှ အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါ အမှိုက်ပုံအား လာရောက် သိမ်းဆည်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ရန်ကင်းမြို့နယ်က စည်းကမ်းမဲ့အမှိုက်ပုံ

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက်မှ အထက(၁) ကျောင်းသို့သွားသည့်လူသွားလမ်းတွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်ပုံကြီးမှ အမှိုက်များ၊ အနံ့ဆိုးများကြောင့် လမ်းသွားလမ်းလာများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရသည့်အပြင် ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်း ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မောင်ရန်ကင်း

သောက်သုံးရေကန် ပြန်လည်ပြုပြင်ပေးပါ

စာတည်းရှင့်-

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက်နှင့် (၁၃)ရပ်ကွက်ကြားရှိ သောက်ရေကန်ကြီးမှာကလေးသူငယ်များလာရောက် ရေကူးဆော့ကစားလျက်ရှိသဖြင့် သောက်သုံး၍မရပါ။ ကန်ပေါင် ဘေးပတ်ပတ်လည်တွင်လည်း မြေများပြိုကျပြီး ပျက်စီးနေပါသည်။ သို့ပါ၍ အဆိုပါသောက်ရေကန် ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြုပြင်ပေးပါရန်တင်ပြအပ်ပါသည်။

စေတနာရှင်တစ်ဦး

စည်းကမ်းမဲ့ ပုံကျဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မရမ်းကုန်း(၉)ရပ်ကွက် ကမ္ဘာအေးအိမ်ရာဝင်းနှင့် ရွာမလမ်းဆုံ နေရာများတွင် စည်းကမ်းမဲ့ ပုံကျဈေးသည်များ တစ်နေ့တခြား တိုးပွားလာသဖြင့် လမ်းပိတ်ဆို့နေသည့်အတွက် ကားအဝင်အထွက် အခက်အခဲကြုံတွေ့ရပါသည်။ ထို့အပြင် အဆိုပါ ဈေးသည်များ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်များကြောင့် ရေမြောင်းများ ပိတ်ဆို့နေပါသည်။ သို့ပါ၍ အဆိုပါ ပုံကျဈေးကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကမ္ဘာအေးအိမ်ရာတိုက်ခန်းနေသူများ

ဂဟေဆော်လုပ်ငန်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း/တောင်ရပ်ကွက် ဓမ္မာရုံလမ်းတွင် အိမ်အိုအိမ်ဟောင်းကြီးတစ်လုံးရှိပြီး အဆိုပါ အိမ်အတွင်း၌ လုပ်ငန်းလိုင်စင်မရှိဘဲ ဂဟေဆော်ခြင်းလုပ်ငန်း လုပ်ကိုင်နေပါသည်။ ၎င်းဂဟေလုပ်ငန်းကြောင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးစိုးရိမ်သူ

ဇာလီတောင်အိမ်ရာ လက်ဖက်ရည်ဆိုင်များ ကက်ဆက်သံဆူညံမှု ဆောင်ရွက်ပြီး

၁၉-၁၂-၂၀၀၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံအနောက်ရပ်ကွက် သုမင်္ဂလာလမ်းမ ဇာလီတောင်အိမ်ရာရှိ လက်ဖက်ရည်ဆိုင်များမှ ကက်ဆက်သံ ဆူညံနေ ခေါင်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရေနံချောင်း မြို့မဈေးမြောက်ဘက် ယာဉ်မဝင်ရောက်ရေး ကြပ်မတ်ဆောင်ရွက်နေ

၂၀-၃-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရေနံချောင်းမြို့ မြို့မဈေးကြီး မြောက်ဘက်လမ်းတွင် ယာဉ်မဝင်ရ ဆိုင်းဘုတ်ရေးသားတားမြစ်ထားသော်လည်း မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားနှင့် ကုန်တင်ယာဉ်များ ဝင်ရောက်မှု ပေးစာနှင့်ပတ်သက်၍ ၂၁-၃-၂၀၀၆ ရက်မှစ၍ ယာဉ်များမဝင်ရောက်စေရန် နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည့် –

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၅၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆

ရန်ကုန်–ပုသိမ် တာဝေးစက်ဘီးစီးပြိုင်ပွဲအောင်မြင် မြင့်အေးနှင့် ခိုင်မာဦးတို့ ချန်ပီယံဆုဆွတ်ခူး

သတင်းမှတ်တမ်းတင်–ကိုထွေး၊ ဓာတ်ပုံ–မြန်မာ့အလင်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် ရန်ကုန်–ပုသိမ် တာဝေးစက်ဘီးစီး ပြိုင်ပွဲ အမျိုးသားကီလိုမီတာ၁၆၀ ဗိုလ်လုပွဲစဉ်နှင့် အမျိုးသမီးကီလိုမီတာ ၈၀ ဗိုလ်လုပွဲစဉ်ကို ယနေ့နံနက် ၈နာရီမှစတင်၍ ရန်ကုန်–ပုသိမ် အဝေးပြေး လမ်းမပေါ်၌ ကျင်းပရာ စက်ဘီးအားကစားမောင်မယ်များ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေး ပြိုင်ပွဲကို ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မိုင်တိုင်(၉)မိုင်မှ နံနက် ၈နာရီတွင် စတင်တာလွှတ်ရာ အားကစား သမား၇၇ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ အမျိုးသားစက်ဘီး အားကစားသမားများသည် ရန်ကုန်–ပုသိမ် အဝေးပြေးလမ်းမပေါ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ဖြတ်သန်းရာ လမ်းတစ်လျှောက်မှ ပြည်သူများက ကြိုဆိုအားပေးခဲ့ကြသည်။

အမျိုးသမီး ကီလိုမီတာ၈၀ တာဝေးပြိုင်ပွဲကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် အင်းမတံတားထိပ်မှ နံနက်၈နာရီခွဲတွင် စတင်တာလွှတ်ရာ အားကစားသမား၁၆ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ အမျိုးသမီးစက်ဘီး အားကစားသမားများသည် ရန်ကုန်–ပုသိမ် အဝေးပြေးလမ်းမပေါ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ရာ ဖြတ်သန်းရာ လမ်းတစ်လျှောက်မှ ပြည်သူများက ကြိုဆိုအားပေးခဲ့ကြသည်။

ပန်းဝင်ခဲ့

အမျိုးသမီး စက်ဘီးအားကစားသမားများသည် နံနက် ၁၁နာရီ ၄၅ မိနစ်ခန့်မှစတင်၍ ပုသိမ်မြို့အဝင် ကျောက်တိုင်ပန်းခြံအနီး၌ ပန်းဝင်ခဲ့ကြသည်။ ခိုင်မာဦး(လယ်ယာ/ဆည်မြောင်း)က ၃နာရီ ၁၈မိနစ် ၃၉ဒသမ ၉စက္ကန့်ဖြင့် ပထမ၊ ခင်စိုးဌေး(မြို့တော်စည်ပင်)က ၃နာရီ ၁၈မိနစ် ၃၉ဒသမ ၇၉စက္ကန့်ဖြင့် ဒုတိယ၊ ယုမာဦး (လယ်ယာ/ဆည်မြောင်း)က ၃နာရီ၁၈မိနစ် ၄၀ဒသမ၄၈စက္ကန့် တတိယရရှိကြသည်။

အမျိုးသား စက်ဘီးအားကစားသမားများသည် မွန်းလွဲ ၁နာရီခန့်မှ စတင်၍ ပုသိမ်မြို့အဝင် ကျောက်တိုင်ပန်းခြံအနီး၌ ပန်းဝင်ခဲ့ကြသည်။ မြင့်အေး(ဘဏ္ဍာ/အခွန်)က ၅နာရီ ၁ဒသမ၆၂စက္ကန့်ဖြင့် ပထမ၊ မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)က ၅နာရီ ၇မိနစ် ဒသမ၈၁စက္ကန့်ဖြင့် ဒုတိယ၊ ထွန်းထွန်း(ရန်ကုန်တိုင်းစစ်ဌာနချုပ်)က ၅နာရီ ၇မိနစ် ဒသမ၈၁စက္ကန့်ဖြင့် တတိယရရှိကြသည်။

(၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသားကီလိုမီတာ ၁၆၀ ရန်ကုန်–ပုသိမ် တာဝေးစက်ဘီးစီး ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်မှုနှင့် အားပေးကြသူများအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–မြန်မာ့အလင်း)

ဆုချီးမြှင့်

ဆုပေးပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီ ၄၅မိနစ်က ပုသိမ်ဟိုတယ်၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပထမရရှိသွားသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (ဓာတ်ပုံ–မြန်မာ့အလင်း)

မြင့်အောင် တက်ရောက်၍ ဆုပေးအပ် ချီးမြှင့်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက အမျိုးသမီး ကီလိုမီတာ ၈၀တာဝေး စက်ဘီးစီးပြိုင်ပွဲ၌ တတိယရရှိသော ယုမာဦး(လယ်ယာ/ဆည်မြောင်း)၊ ဒုတိယရရှိသော ခင်စိုးဌေး (မြို့တော်စည်ပင်)၊ ပထမရရှိသော ခိုင်မာဦး (လယ်ယာ/ဆည်မြောင်း) တို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ပထမဆု

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေး စက်ဘီးစီးပြိုင်ပွဲ၌ တတိယရရှိသော ထွန်းထွန်း(ရန်ကုန်တိုင်းစစ်ဌာနချုပ်) ဒုတိယ ရရှိသော မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)၊ ပထမ ရရှိသော မြင့်အေး (ဘဏ္ဍာ/အခွန်) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အကြိတ်အနယ်ယှဉ်ပြိုင်

(၅၂)ကြိမ်မြောက် အမျိုးသား တံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ရန်ကုန်–ပုသိမ် တာဝေး စက်ဘီးစီး ပြိုင်ပွဲကို ပရိသတ်အားပေးမှု များပြားပြီး ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ အောင်မြင်မှုဖြင့် ပြီးစီးခဲ့ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မေ၂၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက်တွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်နှင့် လူမှုရေးအဖွဲ့အစည်းများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြစဉ်။ (၂၅၉)

မရမ်းကုန်း ရဲတပ်ဖွဲ့မိသားစုများ ပညာသင် ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင် မိသားစုများ၏ ကျောင်းသားကျောင်းသူမိသားစုများ၏ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို နံနက်၁၀နာရီက မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ဝင်းက အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်သို့ ကျောင်းသားကျောင်းသူ ၁၂၄ဦးအတွက် ပညာသင် ထောက်ပံ့ကြေးငွေကျပ် ၉၀၅၀၀နှင့် ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံ စုစုပေါင်းတန်ဖိုး ၉၈၉၅၂ကျပ် လွှဲပြောင်းပေးအပ်သည်။**(ယာပုံ) (မြန်မာ့အလင်း)**

တိပိဋကဓရ စာမေးပွဲ စာအောင်သံဃာတော်များ တိပိဋကဓမ္မရက္ခိတအဖွဲ့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

(၅၈)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲ စာအောင်သံဃာတော် အရှင်သူမြတ် ၄၈ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ တိပိဋကရက္ခိတ ဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌနှင့်အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ စာအောင်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့်အဖွဲ့နာယကများ၊ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစိန်တင့်နှင့် အမှုဆောင်များ၊ အလှူရှင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက ဆောင်ရွက်သည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဦးစိန်တင့်က အဖွဲ့၏ သာသနာတော်ဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားသည်။ ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး အဖွဲ့နာယကများ၊ အမှုဆောင်များနှင့် အလှူရှင်များက ပင့်သံဃာ ဆရာတော်ကြီးများနှင့်စာအောင်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စာအောင်သံဃာတော်အရှင်သူမြတ်များအား သာသနာရေးဝန်ကြီးဌာနမှ ဦးသန်းအောင်ရွှေ ရေးသားသီကုံးသော မင်္ဂလာရတုပိုဒ်စုံများဖြင့် နိုင်ငံကျော်အဆိုတော် ထားက ရွှေတံဆိပ်ဆုရှင် စောင်း ဒေါ်ခင်မာသီနှင့် တွဲဖက်သီဆို ပူဇော်ပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော) ဆရာတော်ထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် မေ ၂၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများမှာ ပထမ မအေးမြင့်မြတ်စိုး ၁၂/သဃက(နိုင်)၁၄၂၅၀၆၊ ဒုတိယ မစိမ်းစိမ်း(Green)၊ တတိယ ဦးစိုးမြင့်-ဖိုးရာဇာ(သာစည်) TZI-၁၀၅၀၃၈နှင့် နှစ်သိမ့်ဆုရရှိသူများမှာ မနှင်းဥရည် ၁၂/လသယ(နိုင်)၀၄၀၆၆၅၊ မောင်လင်းအောင် ၁၂/ရပသ(နိုင်)၀၄၈၃၃၄တို့ဖြစ်ကြသည်။

ဆုများကို လာမည့် ဇွန်၅ရက်တွင် မန္တလေးမြို့၌ကျင်းပမည့် ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး (သစ်တောဦးစီးဌာန ရုံးချုပ်ဝင်းအတွင်း) ကြို့ကုန်း ရန်ကုန်မြို့ ဖုန်း-၆၈၁၉၂၃သို့ ဇွန်၁ရက်နောက်ဆုံးထား သတင်းပို့ဆက်သွယ်ကြရန် အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်အမှတ်-၃၆၄၄၇၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **မောင်သက်လွင်လတ်**
ဖုန်း-၇၀၇၁၄၀။

ဖခင်အမည်မှန်

သာကေတ၊ အထက(၂) သတ္တမတန်း(D)မှ မောင်အောင်ကြည်စိုး၏ဖခင်အမည်မှန်မှာ ဦးကံကြီးမောင်(ခ)ဦးဖိုးတွတ် ဖြစ်ပါသည်။





ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ (၆၆)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၅) ရုံးတော်၌
၂၀၀၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

၁။ဒေါ်အေးအေး၊ ၂။ဒေါ်ဌေးဌေး နှင့် ပင်လုံထိပ်ထားကုမ္ပဏီလီမိတက်
ဒီကရီရရှိသူ တရားရှုံး

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉၀၃တွင် ၅-၁၂-၂၀၀၅ရက်ကချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို **၂၀၀၆ခုနှစ်၊ ဇွန်လ၂၆ရက် (၁၃၆၈ခုနှစ် ဝါဆိုလဆန်း၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင်** ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊တရားဝင်လွှဲအပ်ထားသည့်ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

ရောင်းချရန်စည်းကမ်းချက်များ

၁။ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်များမှာတရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံတင်ဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံတင်ဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။
၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။
၇။ အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်(ပဲမှီကုန်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၂၃/၅(ဦးပိုင်အသစ်) မြေကွက်အမှတ်-၈/၂၇(ဦးပိုင်အဟောင်း)သီရိမင်္ဂလာလမ်းသွယ် ၁၅လမ်း၊ $\frac{၉၀ပေ}{၇၅ပေ}$ x $\frac{၁၇၁ပေ}{၁၆၀ပေ}$ မြေဧရိယာ (၀ဒသမ၂၈၉)ဧကရှိ အုတ်တံတိုင်း လေးဘက်ကာရံထားသော မြေချည်းသက်သက် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေး-ကျပ်သိန်း ၂၀၀ (ကျပ်သိန်းနှစ်ရာ)။

ဝင်းမြင့်ဦး
တွဲဖက်တိုင်းတရားသူကြီး(၅)၊ ရန်ကုန်တိုင်းတရားရုံး။



မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မိတ္ထီလာ၌ကျင်းပ ဂုဏ်ပြုဆုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်

မိတ္ထီလာ မေ ၁၂

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီခွဲက မိတ္ထီလာမြို့ ခရိုင်မီးသတ် ဦးစီးဌာနခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ အလုပ်အမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က အဖွင့်အမှာစကား ပြောကြားပြီး နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုကိုချီးမြှင့်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁ဦးအတွက် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ မလှိုင်မြို့နယ် အရန်မီးသတ်တပ်ခွဲမှူး ဦးအောင်ခိုင်က လက်ခံရယူသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က တူညီဝတ်စုံများကို ပေးအပ်ရာ ရန်မျိုးအောင်ရပ်ကွက် အရန်မီးသတ်တပ်ခွဲမှူး ဦးလှမြင့်က လက်ခံရယူပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်လင်းက သင်တန်းထူးချွန်ဆုရ ပြည်သာယာတောင်ရပ်ကွက် အရန်မီးသတ်တပ်ခွဲမှူး ဒေါ်ဆွေဆွေအောင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ကလေးဝမြို့တွင် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၂ ရက်က မြို့မဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးငြိမ်းသတ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရိဒ်ခေါဒါရ်မြို့၌ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး အမျိုးသား အကျိုးစီးပွားအဖြစ် ပြည်သူများပါဝင်ဆောင်ရွက်

ဖလမ်း မေ ၂၀

ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့တွင် ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံအနီး၌ ကျင်းပသည်။

ရှေးဦးစွာ စုပေါင်းစိုက်ပျိုးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးက ရိဒ်ခေါဒါရ်မြို့တွင် စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရန် လျာထားမှုများကို ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က ခြစည်းရိုးကြက်ဆူပင်ကို အမျိုးသားရေး အကျိုးစီးပွား တာဝန်တစ်ရပ်အဖြစ် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဖြည့်စွက် မှာကြားသည်။

ထို့နောက် စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမည့် ကြက်ဆူပင်များကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဌေးအောင်က မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့**(အပေါ်ပုံ)**၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌများထံ ပေးအပ်သည်။

စိုက်ပျိုး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့က ခြစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲတော်တွင် တက်ရောက်စိုက်ပျိုးကြသူများက ဧက ၂၀ စုပေါင်း စိုက်ပျိုးကြသည်။

(ခရိုင်ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်၌ အဆို၊ အက၊ အတီးသင်တန်းဖွင့် ရည်ရွယ်ချက်နှင့်ပို့ချမည့်အစီအမံများရှင်းလင်း

ဝမ်းတွင်း မေ ၁၀

ဝမ်းတွင်းမြို့နယ် ၂၀၀၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖျော်ဖြေ

ဆက်လက်၍ သင်တန်းနည်းပြများကိုယ်စား အဆိုနည်းပြ ဦးပြေဌေးက သင်တန်းပို့ချမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းအဆင့်ပြိုင်ပွဲတွင် မယ်ဒလင်အတီးနှင့် မဟာဂီတ အဆိုပထမရခဲ့သော ဦးပြေဌေးက အတီးဖြင့် လည်းကောင်း၊ ခရိုင်အဆင့်ပြိုင်ပွဲတွင် ပတ္တလားအတီးဖြင့် ပထမရခဲ့သော ပဥ္စမတန်းကျောင်းသူ မသန္တာအောင်က စည်းကမ်းသီချင်းဖြင့် လည်းကောင်း သီဆိုညွှန့်ခံ ဖျော်ဖြေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၄)ရက်
၃၀-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မူဆယ်ခရိုင် ခြစည်းရိုးကြက်ဆူ စိုက်ခင်းများအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ညောင်ရမ်းခေတ် အိုင်ချင်း–ဒေါ်ခင်မြင့်–မဟာဝိဇ္ဇာ)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (သူများလက်ကို မြဲမြဲဆုပ်ကိုင်ပါ–သုတေသီ–ဘုန်းမြင့်သွေး)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ညွှန်းစေသည့်ဒဏ်)
၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရွှေဘိုခရိုင် နွယ်ငြိမ်းကျေးရွာမှ မြန်မာ့ရိုးရာ စဉ့်ထည်လုပ်ငန်း)

ညနေပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ချစ်သော ဤမြေကမ္ဘာ
(၂) လယ်ဆင်းချိန်
(၃) နံ့သာမိုး
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လမ်းလျှောက်ခြင်း–မောင်ဝင်း)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရိုးရိုးလေးနှင့်ဆန်း)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ဆေးလိပ်ဆေးရွက် ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား)
၂၀း၃၀ ကလေးများအတွက် ပုံပြင် (လှယဉ်ကျေးမယ်ရွေးပွဲ)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင့်အချစ်မြား
(၂) မိုးရိပ်ညှော့သည်
(၃) မေတ္တာမီးအိမ်

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုံရွာ–မန္တလေးလမ်း မိုင်တိုင်အမှတ် ၆၁/၅ အနီးရှိ ခြစည်းရိုးကြက်ဆူ ၁၅ ဧကစိုက်ခင်းတွင် မြေနေရာပြုပြင်ခြင်းနှင့် ကြက်ဆူပင်များကို မေ ၁ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးရာသို့ အမှုဆောင်အရာရှိ ဦးသန်းဦးက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

တမူးခရိုင်ဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

မုံရွာ မေ ၂၀

စစ်ကိုင်းတိုင်း ဥပဒေအရာရှိ ဦးတင်သိန်းမောင်သည် မေ ၁၃ရက်မှ ၁၅ရက်အထိ စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းရှိ ဥပဒေရုံးများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဥပဒေအရာရှိနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းစွမ်းရည်အပြည့်အဝ တာဝန်ထမ်းဆောင်ကြရန်နှင့် အမျိုးသားရေးတာဝန်ဖြစ်သော ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကိုလည်း အလေးထားလုပ်ကိုင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

မုဒုံမြို့နယ် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေးကော်မတီက ကြီးမှူး၍ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က မုဒုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ထူးချွန်စွာဖြင့်အောင်မြင်သော မုဒုံမြို့နယ် မြို့မ(၁) စာစင်ရပ် ပန်းပဲဖိုလမ်းနေ (မကွေးဆေးတက္ကသိုလ်)ပထမနှစ်ကျောင်းသူ မနုနုထက်အား ဂုဏ်ပြုဆုငွေထောက်ပံ့ချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့ သပြေပင်ကျေးရွာ ကွင်းအမှတ် ၉၂တွင် ခြစည်းရိုးကြက်ဆူပင် ၂၅၀၀ကို မေ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးနှင့် အဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း မေ ၁၆ ရက်က ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပျိုးပင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသာအေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟင်္သာတ၌ ကျောက်သဲခင်းလမ်းဖွင့် လမ်းရေရှည်ထိန်းသိမ်းရေး အလှူငွေပေးအပ်

ဟင်္သာတ မေ ၁၀

ဟင်္သာတမြို့ ကင်းရပ်ကွက် တာကြီးတန်း ဆည်မြောင်းတာအရှည် ၂၀၁၆ပေရှိ ကျောက်သဲခင်းလမ်းဖွင့်ပွဲ အခမ်းအနားကို မေ ၄ရက်နံနက် ၉နာရီက အဆိုပါလမ်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းဦးက လမ်းခင်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး လမ်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် လမ်းဖြစ်မြောက်ရေး ဘဏ္ဍာငွေထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လမ်းကို ရေရှည်ဆက်လက် ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက အလှူငွေများကို စုပေါင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် တိုက်(၆) အခန်း(၄) ဝေဠုဝန်အိမ်ရာ (တောင်) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဦးလှဒင်-ဒေါ်ခင်စောယဉ်၊ သမီး ဒေါ်စီစီလှ၊ သားဦးရဲဒင်မိုး၊ ဦးမျိုးဒင်ကျော်၊ ဦးမင်းဒင်ထွဋ်တို့က အလှူတော်ငွေကျပ် တစ်သိန်းကို ဆရာတော် ဦးခေမာသီရိ (လှတော)နှင့် ဆရာတော်ဦးဇဝန(ကန်ဖျားကျောင်း) ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံ မေ ၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအခြေခံ (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၀၆) နှင့် (၂/၂၀၀၆)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၁ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြိုင်က သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။ (က-ပ)

မိုးစပါးစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ခြံစည်းရိုးကြက်ဆူပင်စိုက်နည်းစနစ်များရှင်းလင်း

ဆားလင်းကြီး မေ ၁၇

မိုးစပါး စိုက်ပျိုးရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ရက်တို သင်တန်း ဖွင့်ပွဲကို မေ၁၂ ရက် မွန်းလွဲ ၂ နာရီက ဆားလင်းကြီး မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင် (၁) ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဘလှက ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးသီးနှံသိန်း ၂၀ ပြည့် မီ ရေး၊ ဝါနှင့် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းဟောပြောပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်ဆန်းက စပါးနှင့်ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေး နည်းစနစ်များကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြို့နယ်သတင်းများ

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင်များကို သာစည်လမ်းဘေးတစ်လျှောက်တွင် စိုက်ပျိုးကြရာသို့ ဧပြီ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် ဒုတိယ ဦးစီးမှူး (အခွန်)ဒေါ်တိုးတိုးသန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့ ဆေးရုံလမ်း ထပ်ပိုးကတ္တရာခင်းခြင်းကို မေ ၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့၌ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုး

ခင်ဦး မေ ၂၄

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများသည် မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် စိုက်ခင်းဧက ၂၀တွင် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးကြသည်။**(အောက်ပုံ)**

အဆိုပါ ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ကို သုံးနှစ် စီမံကိန်းဖြင့် စိုက်ပျိုးမည်ဖြစ်ရာ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဧက ၂၀ ကို ပြီးစီးအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

ရန်ကုန် မေ ၂၅

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းကြရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာ တိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်ထံသို့ ဦးဘအောင်-ဒေါ်မတူတို့အား ရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းအိမ်ရာ တိုက်အမှတ် ၃ အခန်း ၂၀၁ နေ သား ဦးဘမောင်၊ စမ်းချောင်းမြို့နယ် အင်္ဂပူလမ်း အမှတ် ၃၅ နေ ဦးကျော်ဝင်း-ဒေါ်မြခင် မိသားစု၊ ဒေါ်မြရီ၊ ဦးဦးကျော်လှ၊ ဒေါ်မြသဇင်၊ ဖခင် ဦးဘိုးမြင့်အား ရည်စူး၍ ဒဂုံမြို့သစ် မြောက်ပိုင်း (၃၅)ရပ်ကွက် နတ်ရေကန် ၁ လမ်း အမှတ် ၇၈၀ နေ ကျန်ရစ်သူ ဒေါ်မကြီး မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် အမှတ် ၁၀ အခန်း ၄၆ ပန်းလှိုင်အိမ်ရာနေ ဦးစံလှိုင် မိသားစုနှင့် လှိုင်မြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ယုဇနလမ်း အမှတ် ၄/၉ နေ ဦးကောက်တင် ဇနီး ဒေါ်ကြင်အေး မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောင်မြေသာစံ၌ ကလေးများကိုယ်အလေးချိန် အာဟာရမှုန့်နှင့် အိုင်အိုဒင်းဆား အခမဲ့ပေးဝေ

မန္တလေး မေ ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်များ ကွင်းဆင်း၍ တစ်နှစ်အောက်ကလေးသူငယ်များ ကိုယ်အလေးချိန်ခြင်းကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက မေဃာဝီရိရပ်ကွက်ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကျန်းမာရေးအသိပညာပေးဟောပြောပြီး တက်ရောက်လာကြသော တစ်နှစ်အောက်ကလေးငယ်များကို ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ကလေးသူငယ်များအား အာဟာရဘီစကွတ်မုန့်နှင့် အိုင်အိုဒင်းဆားထုပ်များကို အခမဲ့ပေးဝေကြသည်။ အဆိုပါကလေးငယ်များ သုံးနှစ်ပြည့်လျှင် ပြန်လည်၍ ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၂)**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးမှာကြား

ရန်ကုန် မေ ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ရက်တွင် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ စက်ရုံမှူးက စက်ရုံသမိုင်းကြောင်း၊ စက်များလည်ပတ်နေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ရရှိမှု၊ စက်ရုံသုံးရေရရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ် မူတည်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စက်များ၏ ကြံ့ခိုင်မှုနှင့်ပတ်သက်၍ အမြဲတမ်းကြည့်ရှုစစ်ဆေးရေးနှင့် စက်ရုံလုံခြုံရေးကိစ္စရပ်များကို မှာကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ❐

ဘွက်ကြီးတံတားစီမံကိန်း လျာထားသတ်မှတ်ချက်အတိုင်း အချိန်အဟုန်ဖြင့်ဆောင်ရွက်

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ရက် နံနက်ပိုင်းတွင် တွံတေးတံတားမှ ရန်ကုန်-ပြည်- မန္တလေး လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးကာ မွန်းလွဲပိုင်းတွင် အဆိုပါလမ်း မိုင်တိုင် ၂၁၁/၄ ရှိ ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဖြည့်ဆည်းပေး

စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ အင်ဂျင်နီယာ ဦးအုန်းမြင့်က ဘွက်ကြီးတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီအတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအားလုံး လျာထားသတ်မှတ်ချက်များအတိုင်း အစီအမံများချမှတ်၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၇ ကော်လံ ၂ ✡

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၉ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဂျိုးဖြူရေပိုက်လိုင်း ကြံ့ခိုင်မှုပိုမိုပြည့်စုံရန်ပြုပြင် ရန်ကုန်မြို့သို့ သုံးရက် ရေလျှော့နည်းပေးဝေမည်

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့သို့ နေ့စဉ် ရေများဖြန့်ဖြူးနေသော ဂျိုးဖြူ ဖူးကြီး၊ ငမိုးရိပ်၊ လှော်ကားရေပေးဝေရေးစခန်းများအနက်မှ ဂျိုးဖြူ ရေပိုက်လိုင်းကို ကြံ့ခိုင်မှုပိုမိုပြည့်စုံနိုင်ရန် ပြုပြင်မည်ဖြစ်၍ ရန်ကုန်မြို့သို့ ယနေ့မှစ၍ သုံးရက် ရေလျှော့နည်းပေးဝေမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြေညာထားသည်။

(သတင်းစဉ်)

ကမ္ဘာ့ အပူချိန်မြင့်တက်လာမှုကြောင့် နေရာဒေသအများအပြားတွင် အပူပိုင်းရပ်ဝန်းများပိုမိုဖြစ်ပေါ်

ဝါရှင်တန် မေ ၂၇

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးပိုမိုပူနွေးမှုများဖြစ်ပေါ်ကာ အပူပိုင်းရပ်ဝန်းဒေသများ ကမ္ဘာ့နေရာအများအပြားတွင် တိုးတက်ဖြစ်ပေါ်လာလျက်ရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အပူချိန်

ကမ္ဘာပေါ်တွင် အပူပိုင်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာခြင်းမှာ ကမ္ဘာတစ်ဝန်း အပူချိန်မြင့်တက်ခဲ့၍ဖြစ်ကြောင်း ၁၉၇၉ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း လေ့လာသုတေသနပြုထားသည့် ကိန်းဂဏန်းများအရ အဆိုပါကာလအတွင်း ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဒေသများ၌ အပူချိန်နှစ်ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ရေးသားဖော်ပြ

အထူးသဖြင့် အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများ၊ ဥရောပ၏ မြေထဲပင်လယ်မြစ်ဝှမ်းဒေသများ၌ မကြာမီနှစ်များအတွင်း အပူချိန်များ တိုးမြင့်ခဲ့ကြောင်း သုတေသနပညာရှင်များက သိပ္ပံမဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့သည်။

သဲကန္တာရ

ထို့အပြင် ဆာဟာရသဲကန္တာရကဲ့သို့ ဒေသများတွင် အပူချိန်များလွန်းသဖြင့် သဲကန္တာရဖြစ်မှု ***စာမျက်နှာ ၇ ကော်လံ ၄*** ■



အပူချိန် မြင့်မားလာမှုကြောင့် သြစတြေးလျနိုင်ငံရှိ ဝီဂျာရေကာတာအတွင်း ရေများနည်းကာ ပပ်ကြားအက်နေသည်ကို ဤသို့တွေ့နိုင်သည်။ (ဓာတ်ပုံ-ရိုက်တာ)